ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 3 August 2023 ၁၁၁၇၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ စားပွဲတင်လေ့ကျင့်ခန်း(Table Top Exercise) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

# အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ စားပွဲတင်လေ့ကျင့်ခန်း(Table Top Exercise) ဖွင့်ပွဲအခမ်းအနား ကျင်းပ

## အာဆီယံအပေါင်း နိုင်ငံ ၁၂ နိုင်ငံမှ တပ်မတော်အရာရှိကြီးများ ပါဝင်တက်ရောက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း(Table Top Exercise) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ပြီး ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်တံဆိပ်အား Touch Screen နှိပ်၍ ဖွင့်လှစ်ပေးကာ အဖွင့်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**



**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ အခမဲ့ ဖူးမြော်ခွင့်ပြုသွားမည်**


စာမျက်နှာ » ၅

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း**

စာမျက်နှာ » ၃

**ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်**

စာမျက်နှာ » ၉




**ရွှေဘိုခရိုင်အတွင်း စပါး/ဆန်ဈေးနှုန်းများနှင့် စီးထွက်မှု**

စာမျက်နှာ » ၁၈

**အကြားအာရုံချို့တဲ့သည့် ကလေးငယ်များအတွက် အတွင်းနားအကြားအာရုံနှီးဆွစက် တပ်ဆင်ခြင်းလုပ်ငန်းအကြောင်း သိကောင်းစရာ**

ဆောင်းပါး

စာမျက်နှာ » ၆



**လေ့လာသင်ယူခြင်းနှင့် တိုးတက်မှု**

ဆောင်းပါး

စာမျက်နှာ » ၁၀

ကြေးမုံ

# လူသားချင်း စာနာထောက်ထား ငြိမ်းချမ်းသာယာမှုကို ဆောင်ကြဉ်း

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကောင်းခြင်းအဖြာဖြာနှင့် ကျက်သရေမင်္ဂလာလွှမ်းခြုံတိုးတက်ဝေစည်သောနေ့တစ်နေ့ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် မြန်မာပြည်တစ်ဝန်းသာမက ကမ္ဘာတစ်ဝန်းတွင်ပါ ငြိမ်းချမ်းသာယာမှုအပေါင်းကို ဆောင်ကြဉ်းစေရန်ရည်ရွယ်၍ ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေစက်ချမဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပခဲ့သည်။

ထိုနေ့တွင်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ရှစ်ထောင်ခန့်ကို ပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

မင်္ဂလာရှိသောနေ့ရက်တွင် မင်္ဂလာရှိသောသတင်းကောင်းများကို ကြားသိရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည့် ကာယကံရှင်များနှင့် ထပ်တူ ပြည်သူများအနေဖြင့်လည်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြရမည်ဖြစ်သည်။ လူ့ဘဝတွင် "အသက်တစ်ရာမနေရ အမှုတစ်ရာပွေရ" ဆိုသကဲ့သို့ မိမိတို့ ပြုလုပ်ခဲ့သော ဥပဒေနှင့်ငြိစွန်းသည့်အကြောင်းကိစ္စအမျိုးမျိုးတို့ကြောင့် ပြစ်ဒဏ်များကျခံခဲ့ရသည်ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ ဤသို့ လူလူချင်း မေတ္တာ၊ စေတနာတရားရှေ့ထား ဆောင်ရွက်ပေးမှုများနှင့် အကျဉ်းသား အကျဉ်းသူတို့၏ကောင်းသောခံယူချက်စိတ်ထားများ ပေါင်းစပ်၍ မိမိတို့အကျိုး၊ နိုင်ငံတော်အကျိုးများကို ကောင်းသောဘက်သို့ ရှေးရှုပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်သည်။

အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား အကျဉ်းသူများအနက် ပြစ်ဒဏ်လျှော့ပေ့ါသင့်သူများကို သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေခြင်း၊ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၇၇၄၉ ဦးတို့ကို ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ ပြစ်ဒဏ်ကျခံလျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၂၂ ဦးတို့ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခြင်း၊ ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၁၂၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းနှင့် တရားစွဲဆိုထားဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့်ဆက်စပ်သူ ၇၂ ဦးတို့၏ စစ်ဆေးဆဲအမှုများကို ပိတ်သိမ်းပြီး အမှုမှလွှတ်ခြင်းတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးအရ အပြုသဘောဆောင်သည့် အကောင်းမြင်စိတ်ထားဆောင်ရွက်ချက်များ၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေး မြှင့်တင်ဆောင်ရွက်မှုများ၊ လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော လုပ်ဆောင်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေသည့် ဆောင်ရွက်ချက်များ၊ သေဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေခြင်းအားဖြင့် လူ့အသက်ရှင်သန်ခွင့် ဆောင်ရွက်ချက်များအား ယခုကဲ့သို့ စေတနာရှေ့ထား လက်တွေ့ဆောင်ရွက်ပေးခဲ့ခြင်းများကို ပြည်သူလူထုတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာကြိုဆိုကြမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်ကို ဆောင်ရွက်နေစဉ်ကာလအတွင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်သက်သာခွင့်များကို ဤသို့ထူးခြားသည့် နေ့ကြီးရက်ကြီးအခါကြီးများတွင် ပြုလုပ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ပြစ်ဒဏ်သက်သာခွင့်များရရှိခဲ့ကြသည့်သူများအနေဖြင့် မိမိတို့၏ မိသားစုများနှင့် ပျော်ရွှင်စွာ ပြန်လည်ပေါင်းစည်းခွင့်များ ရရှိကြမည်ဖြစ်သလို နိုင်ငံတော်မှထားရှိသောစေတနာကို ပြန်လည်အလေးထားသောအားဖြင့် နိုင်ငံအကျိုးပြုဆောင်ရွက်မှုများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ပါဝင်ဆောင်ရွက်ပြီး လူ့ဘောင်လောက ငြိမ်းချမ်းသာယာဝပြောမှု ဆောင်ကြဉ်းနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်သီတာအေး ကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ထန်းတပင်မြို့နယ်၌ ရပ်ရွာအခြေပြု အမျိုးသမီးဝတ် (အခြေခံ) အပ်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

ထန်းတပင် ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)တို့ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀နာရီက ရပ်ရွာအခြေပြု အမျိုးသမီးဝတ် (အခြေခံ) အပ်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။



အဆိုပါသင်တန်းဖွင့်ပွဲတွင် တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)မှ ကျောင်းအုပ်ကြီး ဒေါ်ငွေငွေမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်ထောက်ကူပစ္စည်းများကို တာဝန်ရှိသူများက သင်တန်းသူများထံသို့ ပေးအပ်ပြီး နည်းပြများက စတစ်ကော်လံအင်္ကျီ၊ ဂျပန်ရင်ဖုံး၊ ဂျပန်လည်ထောင်၊ လေးလွှာစကတ်နှင့် ကုတ်အင်္ကျီ အမျိုးမျိုးတို့ကို ဘာသာရပ်များအလိုက် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှ ဩဂုတ် ၂ ရက်မှ ၃၁ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## အလုံမြို့နယ်၌ စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

အလုံ ဩဂုတ် ၂

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း



သဇင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာခင်နှင်းအေးက စွန့်ပစ်အမှိုက်ဆိုင်ရာ အမူအကျင့်ကောင်းများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောပြီး ကျောင်းသား ကျောင်းသူများအား စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေး လက်စွဲစာစောင်နှင့် လက်ကမ်းစာစောင်များကို အသိပညာပေးဖြန့်ဝေခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂-၈-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၁,၂၈၂ | ၁၀,၇၆၈,၉၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၀၀ | ၄,၀၈၀ | ၁၁,၈၃၆,၁၀၀ |
| MCB | ၇,၅၀၀ | ၇,၃၀၀ | ၇၇ | ၅၆၄,၁၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၂,၀၄၁ | ၃,၁၃၈,၄၅၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၂၁၇ | ၅၀၉,၉၅၀ |
| EFR | ၂,၄၀၀ | ၂,၄၀၀ | ၃,၁၀၅ | ၇,၁၅၂,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၁,၄၄၇ | ၂,၇၂၃,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၅၅ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

(၁) ဦးမောင်ကို
(၂) ဒေါက်တာအောင်ကျော်မင်း

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၅၈ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၆၀ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမျိုးမြင့်ဦး | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာပွင့်ဆန်း | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြောင်းရွှေ့တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၅၆ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၅၉ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကိုကို | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်<br>ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) | ဦးသောင်းဟန် | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၃) | ဦးတင်ဦး | ပြည်ထောင်စုစာရင်းစစ်ချုပ် |
| (၄) | ဒေါက်တာဌေးအောင် | ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု<br>တိုက်ဖျက်ရေးကော်မရှင် |
| (၅) | ဦးလှမြင့် | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား<br>လူ့အခွင့်အရေးကော်မရှင် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၅၇ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး | အတွင်းရေးမှူး |
| (၄) | ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တွဲဖက်<br>အတွင်းရေးမှူး |
| (၅) | ဗိုလ်ချုပ်ကြီး မြထွန်းဦး | အဖွဲ့ဝင် |
| (၆) | ဗိုလ်ချုပ်ကြီး တင်အောင်စန်း | အဖွဲ့ဝင် |
| (၇) | ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း | အဖွဲ့ဝင် |
| (၈) | ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် | အဖွဲ့ဝင် |
| (၉) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် | အဖွဲ့ဝင် |
| (၁၀) | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် |
| (၁၁) | ဒေါ်ခွဲဘူ | အဖွဲ့ဝင် |
| (၁၂) | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် |
| (၁၃) | မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာမှုထန် | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာဘရွှေ | အဖွဲ့ဝင် |
| (၁၆) | ခွန်စံလွင် | အဖွဲ့ဝင် |
| (၁၇) | ဦးရွှေကြိမ်း | အဖွဲ့ဝင် |
| (၁၈) | ဦးရန်ကျော် | အဖွဲ့ဝင် |

**(ပုံ)**

**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးသာသနာ့ရိပ်သာ ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ချမ်းသာရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ်စာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တုလွတ်စံပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိ ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မဝံသ(ဓမ္မဝုန်း)ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပဇ္ဇောတာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ မြတောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရှစ်မိုင်မစိုးရိမ်ရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးစေတီပရိယတ္တိစာသင်တိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မဟာရံသီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရှေ့စာမျက်နှာမှ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် စားပွဲတင်လေ့ကျင့်ခန်းသို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မြန်မာ-ရုရှား ပူးတွဲဥက္ကဋ္ဌများ ဦးဆောင်ကာ လေ့ကျင့်ခန်းအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ စားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise)သို့ အာဆီယံအပေါင်းနိုင်ငံ ၁၂ နိုင်ငံမှ တပ်မတော်အရာရှိကြီးများ ပါဝင်တက်ရောက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ တပ်ဖွဲ့ဝင်များအကြား ထိတွေ့ဆက်ဆံမှု၊ နားလည်မှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသတွင်းအကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise)သို့ တက်ရောက်လာသည့် ရုရှားတပ်မတော် အရှေ့ပိုင်းစစ်ဒေသမှ ဒုတိယအကြီးအကဲဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး Mikhail NOSULEV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားတပ်မတော် အရှေ့ပိုင်းစစ်ဒေသမှ ဒုတိယအကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး (ကြည်း၊ရေ၊လေ) Colonel SurgEY S. kurchenko နှင့် ရုရှားတပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေး၊ တရားဘာဝနာများအားထုတ်နိုင်ရေးနှင့် မြို့/ ရွာများ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ် လေးမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့နယ် သုံးမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ် ခုနစ်မြို့နယ်၌လည်းကောင်း၊ ဘုရားစေတီပုထိုးဝန်းကျင်နှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း/အပြင်တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ဘုရားရင်ပြင်တော်များကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ အောင်မင်္ဂလာကျောင်းတိုက်၌ ထုံးသင်္ကန်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်စဉ်။

## မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ ဗလာမပါကံစမ်းမဲ ဖောက်ပေးခြင်း၊ အိမ်ထောင်သည်လိုင်း စိုက်ပျိုး/မွေးမြူရေးနှင့် သန့်ရှင်းရေး အကောင်းဆုံး ဆုရရှိသူများ၊ သင်တန်းများတွင် ထူးချွန်ဆု ရရှိသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ လှိုင်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ ခြောက်သိန်း မျိုးစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ပြည်တွင်း၌ ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးသယံဇာတများ ရေရှည် စဉ်ဆက်မပြတ်ထိန်းသိမ်းရေးနှင့် ငါးရိက္ခာများရေရှည်စားသုံးနိုင်စေရန်ရည်ရွယ်၍ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ငါးချဆိပ်ကမ်းမှ လှိုင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေခြောက်သိန်းကို ငါးမျိုးစိုက်ထည့်သည်။

အဆိုပါငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ရွှေ၊ အမှတ်(၄) ရှေ့တန်းတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးကျော်စိုးဦး၊ ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသုခလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးယာယီရဲမှူးသန့်ဇင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဒေါ်စန္ဒာဌေးနှင့်ဝန်ထမ်းများ၊ လှော်ကားနှင့်လေးထောင့်ကန် ငါးလုပ်ငန်းမှ စခန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး လှိုင်မြစ်သဘာဝရေပြင်သို့ လှော်ကားနှင့်လေးထောင့်ကန် ငါးလုပ်ငန်းစခန်းများမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ လေးသိန်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ နှစ်သိန်း စုစုပေါင်း ကောင်ရေခြောက်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger, 7 KW) ၂၃ ခုနှင့် (EV Charger, 11 KW) ၂၈ ခု စုစုပေါင်း လျှပ်စစ်သုံးယာဉ် အားသွင်းစက် ၅၁ ခု ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ အခမဲ့ ဖူးမြော်ခွင့်ပြုသွားမည်

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံ စေတီတော်များအား ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာ အခမ်းအနားများကို ဩဂုတ် ၁ ရက် ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။



**ထည့်သွင်းတည်ဆောက်ထား**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိပြီး၊ ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်နှင့် ရုပ်ပွားတော်မြတ်ကြီးအား စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါမိပတိ သသာနဇ္ဇဗိမာန်တော်ကြီးနှင့် ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထု၍ ကျောက်စာရုံစေတီ ၇၂၀ ကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိပါသည်။

ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါ ဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် မဏ္ဍပ်များနှင့် အသုံးအဆောင်ပစ္စည်းများ ပြန်လည်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ကာ အခမဲ့ဝင်ရောက် ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB Pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# အကြားအာရုံချို့တဲ့သည့် ကလေးငယ်များအတွက် အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ခြင်းလုပ်ငန်းအကြောင်း သိကောင်းစရာ

ပါမောက္ခဒေါက်တာမေခင်သိန်း

နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး (ရန်ကုန်မြို့) သည် ခုတင်(၁၅၀)ဆံ့ အထူးကုသင်ကြားရေးဆေးရုံကြီးတစ်ရုံဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးမှ ညွှန်းပို့လာသော နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း၊ လည်ပင်းနှင့်ပတ်သက်သောရောဂါများကို ကုသမှုပေးလျက်ရှိရုံသာမက မွေးရာပါနားမကြားသော ကလေးငယ်များအား နားအကြားအာရုံနှိုးဆွစက် (Cochlear Implant – CI) ခွဲစိတ်တပ်ဆင်ပေးသော အဓိကဆေးရုံကြီးတစ်ရုံလည်းဖြစ်သည်။

**မွေးရာပါ နားအကြားအာရုံချို့တဲ့ခြင်း**


အာရုံငါးပါးတွင် တစ်ပါးဖြစ်သော နားအကြားအာရုံခံခြင်း (သောတအာရုံ)သည် လူမှုဘဝအတွက် အလွန်အရေးကြီးလှသည်။ နားအကြားအာရုံချို့တဲ့ပါက လူအများနည်းတူ အခွင့်အရေးမရနိုင်ပါ။ အဆိုးဆုံးမှာ မွေးရာပါနားမကြားပါက ကလေးသည် စကားပြောဆိုနိုင်မည်မဟုတ်ပါ။ ထိုသို့ နားမကြားသောသူများအား နားအကြားအာရုံရရှိစေရန် အတွင်းနားအကြားအာရုံနှိုးဆွစက်(CI)ကို တပ်ဆင်ပေးနိုင်သည်။

**အတွင်းနားအကြားအာရုံနှိုးဆွစက်**

အတွင်းနားအကြားအာရုံနှိုးဆွစက် ဆိုသည်မှာ အဆင့်မြင့်လျှပ်စစ်ပစ္စည်းတစ်မျိုးဖြစ်ပြီး အပြင်ပိုင်းနှင့်အတွင်းပိုင်း နှစ်ပိုင်းပါဝင်သည်။ အပြင်ပိုင်း အသံစုဆောင်းသည့်ကိရိယာ (Sound Processor) သည် နားအနောက်ပိုင်းတွင်ချိတ်၍ တပ်ဆင်ရသော အပိုင်းဖြစ်ပြီး အသံလှိုင်းကို ဖမ်းယူ၍ လျှပ်စစ်လှိုင်းအဖြစ်ပြောင်းကာ နားအတွင်းပိုင်းသို့ ပို့ဆောင်ပေးသည်။ အတွင်းပိုင်းကိုမူ နားအနောက်အရိုးအား ခွဲစိတ်၍ အတွင်းနားထဲသို့ ထည့်သွင်းထားရသည်။ အပြင်ပိုင်းမှပေးပို့သော လျှပ်စစ်လှိုင်းများကို အတွင်းပိုင်းရှိစက်မှ သယ်ဆောင်ကာ အတွင်းနားထဲရှိ နားအကြားအာရုံကို လှုံ့ဆော်ပေးခြင်းဖြင့် အသံကိုကြားရခြင်းဖြစ်သည်။

**အတွင်းနားအကြားအာရုံနှိုးဆွစက်တပ်ဆင်ခြင်း၏ အကျိုးကျေးဇူး**

မွေးရာပါ နားအကြားအာရုံချို့ယွင်းသော ကလေးများနှင့် မွေးဖွားပြီးမှ အကြောင်းတစ်ခုခုကြောင့် နားမကြား၍ စကားမပြောနိုင်သော ခြောက်နှစ်အောက်ကလေးများအား အတွင်းနားအကြားအာရုံနှိုးဆွစက်ကို ခွဲစိတ်၍ တပ်ဆင်ပေးခြင်းဖြင့် အကြားအာရုံရရှိပြီး စကားပြောတတ်လာအောင် သင်ကြားပေးနိုင်သည်။ ဤနည်းဖြင့် ၎င်းကလေးငယ်များအား အခြားကလေးများနည်းတူ ပညာသင်ကြားနိုင်ပြီး လူ့လောကအလယ်တွင် ရပ်တည်နိုင်အောင် ပြုလုပ်ပေးနိုင်သည်။ စကားပြောတတ်ပြီးနောက်ပိုင်းမှ နားအကြားအာရုံ ထိခိုက်ပျက်စီးသွားသောသူများတွင်လည်း ဤစက်တပ်ဆင်ပေးခြင်းဖြင့် မိမိတို့၏ ပုံမှန်လူမှုဘဝသို့ ပြန်လည်ရောက်ရှိအောင် ခေါ်ဆောင်နိုင်သည်။




အတွင်းနားအကြားအာရုံနှိုးဆွစက် (Cochlear Implant) အလုပ်လုပ်ပုံ။

**ကလေး၏ နားအကြားအာရုံ ပါရှိ၊ မရှိ စောစီးစွာသိရှိရန်လိုအပ်**

မိဘများအနေဖြင့် မိမိကလေး၏နားအကြားအာရုံ ပါရှိ၊ မရှိ စောစီးစွာသိရှိရန်လိုအပ်လှသည်။ ပုံမှန်ကလေးစကားပြောရမည့်အရွယ်တွင် ပြောခြင်းမရှိလျှင် သို့မဟုတ် ကလေးအကြားအာရုံချို့ယွင်းသည်ဟု သံသယရှိလျှင် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များနှင့်ပြသ၍ လိုအပ်သော စမ်းသပ်စစ်ဆေးမှုများပြုလုပ်ရန် အရေးတကြီးလိုအပ်သည်။ ကလေး၏အကြားအာရုံ လျော့နည်းနေလျှင် ကလေးအသက် တစ်နှစ်မှစ၍ နားကြားကိရိယာ ( Hearing Aid ) တပ်ဆင်ရန် လိုအပ်သည်။ နားကြားကိရိယာ တပ်ဆင်ပြီးပါကလည်း နားအကြားအာရုံ တိုးတက်မှု ရှိ၊ မရှိ အကြိမ်ကြိမ် ပြန်လည်စစ်ဆေးရန်လိုအပ်ပြီး လုံလောက်သော တိုးတက်မှုမရှိပါက အတွင်းနားအကြားအာရုံနှိုးဆွစက်တပ်ဆင်ရန်လိုအပ်သည်။ ဤစက်တပ်ဆင်ခြင်းကို ကလေး၏အသက် ငါးနှစ်မကျော်မီ ပြုလုပ်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ကလေးများ၏ ဦးနှောက်အာရုံကြောဖွံ့ဖြိုးမှုသည် အသက်သုံးနှစ်ကျော်ပါက နှေးကွေးသွားတတ်ပြီး အသက်ငါးနှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးမှုမရှိသလောက်ဖြစ်သွားသည်။ အသက်ငါးနှစ်နောက်ပိုင်းမှ စက်တပ်ဆင်မည်ဆိုပါက ကလေး၏ အကြားအာရုံ ဖွံ့ဖြိုးမှုမရှိနိုင်တော့ပါ။ ထို့ကြောင့် ကလေး၏ အကြားအာရုံကို စောစီးစွာ အချိန်မီသိရှိပြီး လျင်မြန်ထိရောက်သော ကုသမှုပေးရန် အလွန်အရေးကြီးလှသည်။

**မြန်မာနိုင်ငံ၏ ပထမဆုံးသော အတွင်းနားအကြားအာရုံနှိုးဆွစက်**

မြန်မာနိုင်ငံ၏ ပထမဆုံးသော အတွင်းနားအကြားအာရုံနှိုးဆွစက်ကို ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ပါမောက္ခ Heidi Olze နှင့် မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်း ခွဲစိတ်ကုဆရာဝန်များ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် တာမွေ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ စုစုပေါင်းလူနာ ငါးဦးကို ခွဲစိတ်တပ်ဆင်နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် မလေးရှားနိုင်ငံ University of Malaysia မှ ပါမောက္ခ Prepageran narayanan နှင့် မြန်မာဆရာဝန်များပူးပေါင်း၍ လူနာကိုးဦးကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် Australia နိုင်ငံ Salzburg မှ ပါမောက္ခ Gerd Rasp ဦးဆောင်သောအဖွဲ့နှင့် မြန်မာဆရာဝန်များပူးပေါင်း၍ ခြောက်ဦးကိုလည်းကောင်း ထပ်မံခွဲစိတ်တပ်ဆင်ပေးခဲ့သည်။

**နိုင်ငံခြားသားဆရာဝန်များ၏ အကူအညီမပါရှိဘဲ မြန်မာဆရာဝန်များက ခွဲစိတ်တပ်ဆင်ပေးနိုင်ခဲ့**


၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံခြားသားဆရာဝန်များ၏ အကူအညီမပါရှိဘဲ မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များအဖွဲ့က အတွင်းနားအကြားအာရုံနှိုးဆွစက်များကို အောင်မြင်စွာ ခွဲစိတ်တပ်ဆင်ပေးနိုင်ခဲ့ရာ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ ကလေးငယ် ၃၅ ဦးကို ခွဲစိတ်တပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။

**အတွင်းနားအကြားအာရုံနှိုးဆွစက်ဆိုင်ရာ ဆေးခန်းများဖွင့်လှစ်ထားရှိ**

အတွင်းနားအကြားအာရုံ နှိုးဆွစက်ဆိုင်ရာ ဆေးခန်း (Cochlear Implant Clinic) များကို နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ကုဌာနများတွင် ဖွင့်လှစ်ထားရှိပြီး နေရာဌာနအသီးသီးမှ လွှဲပြောင်းပို့ဆောင်လာသည့် နားအကြားအာရုံ ချို့ယွင်းနေသောလူနာများကို ပြန်လည်စစ်ဆေးခြင်း၊ မွေးဖွားသည့်ရာဇဝင်နှင့် နားနှင့်ပတ်သက်၍ အခြားထိခိုက်နိုင်သောအကြောင်းများရှိ၊ မရှိ မေးမြန်းခြင်း၊ နားအကြားအာရုံစမ်းသပ်ခြင်းများကိုပြုလုပ်ပြီး အတွင်းနားအကြားအာရုံနှိုးဆွစက်ကို တပ်ဆင်ရန် လိုအပ်ခြင်း ရှိ၊ မရှိ စစ်ဆေးဆုံးဖြတ်သည်။ ထိုသို့ဆုံးဖြတ်ရာတွင် ကလေး၏ အသက်၊ နောက်ခံမိသားစု၏အခြေအနေ၊ စက်တပ်ဆင်ပြီးနောက်ပိုင်း အရေးကြီးသော စကားပြောသင်ယူရာအပိုင်းတွင် လိုက်လံပံ့ပိုးလုပ်ဆောင်ပေးနိုင်မှု ရှိ၊ မရှိတို့ကို မူတည်၍ ရွေးချယ်သည်။ စက်မတပ်မီကာလတွင် နားကြားကိရိယာများ ကြိုတင်တပ်ဆင်ခြင်းနှင့် နားကြားကိရိယာ တပ်ဆင်ပြီး အကြားအာရုံတိုးတက်မှုကို စက်ဖြင့် ပြန်လည်စမ်းသပ်ခြင်းများကို ပြုလုပ်သည်။

**အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ရန် လိုအပ်သည့်အချက်များ**

အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်မည့် ကလေးများအား ဆေးရုံအုပ်ကြီး၊ ပါမောက္ခဌာနမှူး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ၊ ဓာတ်မှန်ဆရာဝန်ကြီးနှင့်မေ့ဆေးဆရာဝန်ကြီးတို့ပါဝင်သော ဘုတ်အဖွဲ့က လူနာရှင်မိဘများနှင့် တွေ့ဆုံမေးမြန်းပြီး အမှန်တကယ် စက်တပ်ဆင်ရန် လိုအပ်မှု ရှိ၊ မရှိ၊ သင့်လျော်မှု ရှိ၊ မရှိ စိစစ်ရွေးချယ်ဆုံးဖြတ်သည်။ **စာမျက်နှာ ၇ သို့** ✳



ကလေးငယ်တစ်ဦးတွင် အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ထားစဉ်။







၂၀၂၂ ခုနှစ်အတွင်း အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ကုသမှုပေးခဲ့သော ကလေးငယ်များ။ (ကလေးများကို အကြားအာရုံပြန်လည်စမ်းသပ်စစ်ဆေးရာ အကြားအာရုံတိုးတက်ကောင်းမွန်လာပြီး စကားပြောဆိုနိုင်စွမ်းရှိလာသည်ကို တွေ့ရှိရပါသည်။)

# (၂၆) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေးကျင်းပ





**နေပြည်တော်  ဩဂုတ်  ၂**

(၂၆) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီအစည်းအဝေး(26th ASEAN Senior Level Committee– SLC on Financial Integration) ကို ယနေ့နံနက် ၈နာရီခွဲတွင် Hybrid Format ဖြင့်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် တက်ရောက်သည်။

ဦးစွာ အစည်းအဝေးပူးတွဲသဘာပတိဖြစ်သည့် လာအိုနိုင်ငံဗဟိုဘဏ်မှ အဖွင့်အမှာစကားပြောကြားပြီး အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO)က လက်ရှိဖြစ်ပေါ်နေသော ဒေသတွင်းမေခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကာ Glasgow Financial Alliance for Net Zero (GFANZ) အဖွဲ့၊ Asia Pacific Network Office က ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းဆိုင်ရာ ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို တင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် အကြောင်းအရာများ၊ တိုးတက်မှုအခြေအနေနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC) လုပ်ငန်းစဉ်များအောက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး ပူးတွဲသဘာပတိများက အာဆီယံငွေရေးကြေးရေးလုပ်ငန်းကော်မတီများမှ တင်သွင်းခဲ့သည့် Risk Monitoring Template (RMT) ကို အခြေခံ၍ ရေးဆွဲထားသည့် Risk Monitoring Report နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင်၊ ငွေလုံးငွေရင်းစာရင်း ပိုမိုလွတ်လပ်ခွင့်ပြုရေး၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု၊ အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများလွတ်လပ်ခွင့်ပြုရေး၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်၊ စွမ်းရည်မြှင့်တင်ရေးကြီးကြပ်ထိန်းကျောင်းမှုကော်မတီတို့နှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကို လုပ်ငန်းကော်မတီများက ရှင်းလင်းတင်ပြကြရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှာကြားကြသည်။

ထို့နောက် "အဆင့်မြင့်ကော်မတီလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိများက အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီလုပ်ငန်းအဖွဲ့အောက်ရှိ စဉ်ဆက်မပြတ် ဘဏ္ဍာငွေဖြည့်ဆည်းနိုင်ရေးနှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး အင်ဒိုနီးရှားနိုင်ငံဗဟိုဘဏ်မှ အာဆီယံဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များမျှဝေခြင်း အစီအစဉ်ကိုလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်မှ အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ်ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ငွေလုံးငွေရင်းစာရင်းပိုမိုလွတ်လပ်ခွင့်ပြုရေးလုပ်ငန်းကော်မတီ(WC–CAL)၏ ပူးတွဲသဘာပတိများက အာဆီယံဒေသတွင်းငွေကြေးများလွှဲပြောင်းပေးချေမှုများဆိုင်ရာလုပ်ငန်းအဖွဲ့ (ASEAN Local Currency Transactions–LCT Task Force) နှင့် အာဆီယံဒေသတွင်းငွေကြေးများ လွှဲပြောင်းပေးချေမှုများဆိုင်ရာမူဘောင်(ASEAN LCT Framework)တို့နှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြကာ အင်ဒိုနီးရှားနိုင်ငံမှ အာဆီယံလုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်လေ့လာခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးပူးတွဲသဘာပတိဖြစ်သည့် စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

---

## ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂**

ယနေ့နံနက် ၇နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်ရောက်ရှိနေသည်။

အဆိုပါ မြစ်ရေသည် နောက်(၁)ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

---

✳ စာမျက်နှာ ၆ မှ

အတွင်းနားအကြားအာရုံနှီးဆွစက် ပြုလုပ်မည့်ကလေးများကို အောက်ဖော်ပြပါအချက်များပေါ်မူတည်၍ ရွေးချယ်သည်–

- ကလေးအသက် တစ်နှစ်ပြည့်ပြီး အသက်ခြောက်နှစ်မတိုင်မီဖြစ်ရပါမည်။
- နားကြားကိရိယာ (Hearing Aid) သုံးလမှ ခြောက်လအတွင်း တပ်ဆင်ထားပြီး လုံလောက်သော အကြားအာရုံ တိုးတက်မှုမရှိခြင်း။
- ဦးနှောက်နှင့်ပတ်သက်သောရောဂါများ၊ မွေးရာပါအခြားရောဂါများ(eg. Downs' Syndome, Autism) နှင့် စိတ်ကျန်းမာရေးချို့တဲ့သူများ မဖြစ်ရပါ။
- စက်ခွဲစိတ်တပ်ဆင်ရန် အလယ်နားနှင့် အတွင်းနားတည်ဆောက်မှု မှန်ကန်ရမည်။
- အကြားအာရုံပေးသော အာရုံကြော (Vestibulo Cochlear Nerve) ပါရှိရမည်။
- ခွဲစိတ်ကုသမှုခံယူနိုင်ရန် ကျန်းမာရေးကောင်းမွန်ရမည်။
- မိဘအုပ်ထိန်းသူများက စက်တပ်ဆင်ပြီးပါက နောက်ပိုင်းတွင် အရေးကြီးသော စကားပြောသင်ယူမှုအပိုင်းနှင့် နောက်ပိုင်း ပညာဆက်လက်သင်ကြားပေးနိုင်သည်အထိ တိကျစွာ လိုက်လံပံ့ပိုး တာဝန်ယူလုပ်ဆောင်နိုင်သူဖြစ်ရပါမည်။

**အတွင်းနားအကြားအာရုံနှီးဆွစက် တပ်ဆင်ရာတွင် ဆောင်ရွက်ပုံ**

အတွင်းနားအကြားအာရုံနှီးဆွစက် တပ်ရန်လိုအပ်သော ကလေးများအား ဦးခေါင်းနှင့် နား၏ အခြေအနေကို သိရှိရန် CT Scan ကွန်ပျူတာဓာတ်မှန်ရိုက်ခြင်း၊ အကြားအာရုံကြော (Vestibulo Cochlear Nerve) ပါရှိမရှိ သိရန် MRI ရိုက်ခြင်းနှင့် ရှစ်မျိုးစပ် ကာကွယ်ဆေးထိုးခြင်းတို့ကို ကြိုတင်ပြုလုပ်ပေးသည်။

အတွင်းနားအကြားအာရုံနှီးဆွစက် ခွဲစိတ်တပ်ဆင်မှုသည် ကလေးအတွက် အကြားအာရုံရရှိပြီး ပုံမှန်ကလေးများနည်းတူ စကားပြောဆိုနိုင်မှုရရှိရန် တစ်စိတ်တစ်ဒေသမျှသာဖြစ်၍ ခွဲစိတ်ပြီးနောက်ပိုင်းတွင် ပြန်လည်ထူထောင်ခြင်း (Rehabilitation) ပြုလုပ်ရမည့် စကားပြောသင်ယူမှုအပိုင်းများသည်လည်း အရေးပါလှသည်။ လူနာရှင်မိသားစုကိုလည်း စက်တပ်ဆင်ခြင်းနှင့် စက်တပ်ဆင်ပြီးပါက လိုက်နာဆောင်ရွက်ရမည့်အရာများကို ဆွေးနွေးပြောဆိုခြင်း(Counselling)များကို ပြုလုပ်ပေးမည်ဖြစ်သည်။

**"အတွင်းနားအကြားအာရုံနှီးဆွစက်ဆိုသည်မှာ အဆင့်မြင့်လျှပ်စစ်ပစ္စည်းတစ်မျိုးဖြစ်ပြီး အပြင်ပိုင်းနှင့်အတွင်းပိုင်း နှစ်ပိုင်းပါဝင်သည်။ အပြင်ပိုင်းအသံစုဆောင်းသည့်ကိရိယာ (Sound Processor) သည် နားအနောက်ပိုင်းတွင်ချိတ်၍ တပ်ဆင်ရသောအပိုင်းဖြစ်ပြီး အသံလှိုင်းကို ဖမ်းယူ၍ လျှပ်စစ်လှိုင်းအဖြစ်ပြောင်းကာ နားအတွင်းပိုင်းသို့ ပို့ဆောင်ပေးသည်။ အတွင်းပိုင်းကိုမူ နားအနောက်အရိုးအား ခွဲစိတ်၍ အတွင်းနားထဲသို့ ထည့်သွင်းထားရသည်။ အပြင်ပိုင်းမှပေးပို့သော လျှပ်စစ်လှိုင်းများကို အတွင်းပိုင်းရှိစက်မှ သယ်ဆောင်ကာ အတွင်းနားထဲရှိ နားအကြားအာရုံကို လှုံ့ဆော်ပေးခြင်းဖြင့် အသံကိုကြားရခြင်းဖြစ်"**

အတွင်းနားအကြားအာရုံနှီးဆွစက် ခွဲစိတ်တပ်ဆင်ပြီးပါကလည်း အတွင်းနားအကြားအာရုံနှီးဆွစက်ဆိုင်ရာဆေးခန်းသို့ ပြန်လည်ခေါ်ယူပြီး စက်ဖွင့်ခြင်း၊ အကြားအာရုံပြန်လည်စမ်းသပ်ခြင်း၊ စကားပြောကုထုံး (Speech theraphy) များပေးခြင်းနှင့် နောက်ပိုင်းတွင် သက်ဆိုင်ရာကျောင်းများ (ဥပမာ – နားမကြားသောကလေးများကျောင်း– Mary Chapmin School for the Deaf) သို့ လွှဲပြောင်းအပ်နှံခြင်းများအထိ ဆက်လက်လုပ်ဆောင်ပေးလျက်ရှိသည်။

**အတွင်းနားအကြားအာရုံနှီးဆွစက်များကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူပံ့ပိုးပေးလျက်ရှိ**

နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူပံ့ပိုးပေးသော အတွင်းနားအကြားအာရုံနှီးဆွစက်များကို ငွေကြေးမတတ်နိုင်သော မွေးရာပါနားမကြားသည့် ကလေးလူနာများအား နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး ရန်ကုန်မြို့တွင် ခွဲစိတ်တပ်ဆင်ပေးလျက်ရှိပါကြောင်း တင်ပြအသိပေးအပ်ပါသည်။ ။







၂၀၂၃ ခုနှစ်အတွင်း အတွင်းနားအကြားအာရုံနှီးဆွစက် တပ်ဆင်ကုသမှုပေးခဲ့သော ကလေးငယ်များ။ (၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အတွင်းနားအကြားအာရုံ နှီးဆွစက်တပ်ဆင်ထားသော ကလေးများဖြစ်ပြီး ၎င်းတို့ကို ခွဲစိတ်ပြီးတစ်လအကြာတွင် စတင်၍ စကားပြောသင်ယူစေလျက်ရှိသည်။)

# ပြည်နယ်နှင့်တိုင်းဒေသကြီးအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဩဂုတ် ၂

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သည့် ရှမ်းပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်အားကစားပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ရှမ်းပြည်နယ် အမျိုးသမီးအသင်းမှ ပထမဆုဖလားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ထံ အပ်နှံပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိခဲ့သော အမျိုးသမီးဖူဆယ်အသင်း အားကစားသမားများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးသည်။ ထို့နောက် ဒုတိယဆုရရှိခဲ့သော အမျိုးသားဖူဆယ်အသင်းအား ဂုဏ်ပြုဆုငွေများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ဒုတိယဆုရရှိခဲ့သော U-18 အမျိုးသား ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေကို ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေကို ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေကို ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ဗိုဗီနမ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေများကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်တို့က ချီးမြှင့်ပေးပြီး ရှမ်းပြည်နယ်ဗိုဗီနမ်းအသင်းနှင့် ပြေးခုန်ပစ်အသင်း အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုငွေများကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ချီးမြှင့်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန် တိုင်းဒေသကြီး လမ်းမတော် မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။




ဆက်လက်၍ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူခြောက်ဦးတို့က မူးယစ်ရန်စွယ်တို့ကာကွယ်၊ ပညာရဲရင့် ပွဲလယ်တင့်၊ ချစ်မြတ်နိုးစရာ မြန်မာ့အနုပညာ၊ စာပေချစ်မှ လူမျိုးတင့်မည်၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ အားကစားဖြင့် နိုင်ငံဂုဏ်ရည် မြှင့်တင်စို့ ခေါင်းစဉ်ခြောက်ခုကို မဲနှိုက်ပြီး ကိုယ်ကျရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင်ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ကျပန်းစကားပြော ပြိုင်ပွဲသို့ ကျောင်းသားကျောင်းသူစုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်များကို တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှု လေ့လာကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**



# မိုင်းတုံမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ စစ်ဆေး

မိုင်းတုံ ဩဂုတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများဖြင့် မိုင်းကန်ကျေးရွာအုပ်စု ပါခါးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ပါခါးကျေးရွာတွင် အရှည် ၃မိုင် ဖိဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပါခါးကျေးရွာတွင် အဆိုပါစိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၆၁၇ သန်းဖြင့် ရွှေလင်းထိန်း(AMH)ကုမ္ပဏီမှ ၂၀၂၃ ခုနှစ် ဇွန်လ စတုတ္ထအပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများအာလုံး၏ ၂၅ ရာနှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၄၃ အိမ်၊ လူဦးရေ ၂၄၀ တို့အတွက် သန့်ရှင်းသောသောက်ရေ၊ သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

# ဓနုဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်းပွဲ ကျင်းပ



ဓနုဖြူ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် သင်တန်းနည်းပြဆရာမတို့က အမှာစကားပြောကြားကာ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ပုသိမ် /ကန်ကြီးထောင့်မြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြော

ပုသိမ် ဩဂုတ် ၂

ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်ရေးနှင့် ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးတို့အတွက် တိုင်းဒေသကြီး ပြည်နယ်အသီးသီးတွင် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှကြီးကြပ်၍ ပုသိမ်/ကန်ကြီးထောင့်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ငါးရစ်ငါးသန်ကာလအတွင်း တရားမဝင် ငါးဖမ်းဆီးမှုများ မရှိစေရေး၊ ဘက်ထရီရှော့တိုက်နှင့် ဆေးချငါးဖမ်းဆီးမှုများ လျော့နည်းပပျောက်လာစေရေးတို့အတွက် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီခွဲက ကန်ကြီးထောင့်မြို့နယ် ရွှေးကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

**အသိပညာပေးဟောပြော**

အဆိုပါဟောပြောပွဲတွင် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်နှင့်ပုသိမ်/ကန်ကြီးထောင့်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းတို့က ကန်ကြီးထောင့်မြို့နယ် ဒါးကမြစ်ကြောင်းရှိ ကျေးရွာများမှ ရေလုပ်သားများအား ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပြီး သယံဇာတထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပွင့်ဖြူမြို့နယ်၌ ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲကျင်းပ

ပွင့်ဖြူ ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း(၄/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။




အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသူများနှင့် ကလေးသူငယ်အရေးကို ဆောင်ရွက်ကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းကို မကွေးမူလတန်းကြိုကျောင်းတွင် နှစ်ကြိမ်၊ ပခုက္ကူမူလတန်းကြိုကျောင်းတွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ဖွင့်လှစ်ခဲ့ပြီး ယခုဖွင့်လှစ်မည့်သင်တန်းသည် ပွင့်ဖြူမြို့တွင် စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသူတစ်ဦးချင်းစီက မိတ်ဆက်စကားများ ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ကလေးဖွံ့ဖြိုးမှု(၅)ရပ် သင်ကြားခြင်းပုံစံနှင့် နည်းစနစ်များ၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ကျန်းမာရေးနှင့် အာဟာရ၊ ရှေ့ဦးသူနာပြုစုခြင်း၊ သင်ထောက်ကူပစ္စည်းများပြုလုပ်ခြင်း၊ သင်ခန်းစာအစီအစဉ်များ ရေးဆွဲခြင်း၊ အသွင်ကူးပြောင်းကာလအရေးကြီးပုံများ၊ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ခြင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မိဘအသိပညာပေးခြင်း စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ထို့ပြင် ရပ်ရွာအတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် တာဝန်ခံဆရာမလစာ၊ စာသင်ဆရာမလစာနှင့် သင်ထောက်ကူပစ္စည်းဖိုးအဖြစ် မူကြိုကျောင်းတစ်ကျောင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်လျှင် ကျပ်တစ်ဆယ်သိန်းခြောက်သောင်းကို လူမှုဝန်ထမ်းဦးစီးဌာန ရန်ပုံငွေမှ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂

ပြည်သူများ၏ စားဝတ်နေရေးပြေလည်မှုကို ရှေးရှုလျက် အခြေခံစားသောက်ကုန် ဈေးနှုန်းများ အပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ထိန်းသိမ်းဆောင်ရွက်ရန် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ဖွဲ့စည်းထားကြောင်း သိရသည်။

အဆိုပါကော်မတီကို ၂၀၂၃ ခုနှစ် ဇွန် ၂၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၁၁၄/၂၀၂၃ ဖြင့် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

ကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌတို့အဖြစ် တာဝန်ယူကာ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးများ၊ UMFCCI ဥက္ကဋ္ဌများပါဝင်သည့် အဖွဲ့ဝင် ၁၅ ဦးဖြင့်ဖွဲ့စည်းထားသည်။ အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ယင်းဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ဆောင်ရွက်ကြကြောင်း အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် မီးဖိုချောင်သုံးကုန်ပစ္စည်းများ ဈေးနှုန်းများ တည်ငြိမ်ရေးကို ဦးစားပေး ဆောင်ရွက်ရန်၊ အခြေခံစားကုန်ပစ္စည်းတစ်မျိုးစီ၏ ပြည်တွင်းစားသုံးရန် လိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်နိုင်မှု ပမာဏတို့ကို ချိန်ဆ၍ ညီညွတ်မျှတစေရေး စိစစ်ဆောင်ရွက်ရန်၊ ဒေသများအလိုက် ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးရန်နှင့် ကုန်ပစ္စည်းထွက်ရှိရာဒေသများမှ စားသုံးသည့်ဒေသများသို့ သယ်ဆောင်ရာတွင် သယ်ယူစရိတ် ကြီးမြင့်ခြင်း၊ ကြားခံအဆင့် များပြားခြင်း၊ သယ်ယူရာတွင် လမ်းခရီး၌ မလိုအပ်ဘဲ ထိန်းချုပ်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးနှင့် လုံလောက်စွာဝင်ရောက်ရေး၊ အဝင်အထွက်မှန်ကန်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ပေးရန်၊ အခြေခံစားကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုးချဲ့နိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ညှိနှိုင်းဖြည့်ဆည်းပေးရန်နှင့် အခြေခံစားကုန်ပစ္စည်းများကို ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း အမိန့်ကြော်ငြာစာအရ သိရသည်။

အခြေခံစားကုန်ပစ္စည်းထုတ်လုပ်မှုမှာ အဓိကဖြစ်သည့် လယ်ယာကဏ္ဍနှင့် မွေးမြူရေး ကဏ္ဍတို့၌ ထုတ်လုပ်မှုတိုးတက်လာစေရေးအတွက် လိုအပ်သည့် ပံ့ပိုးမှုများပေးခြင်း၊ တစ်နိုင်စိုက်ပျိုးရေးနှင့် တစ်နိုင်မွေးမြူရေးတို့ကို အားပေးခြင်းစသည့် စည်းရုံးရေး၊ စီးပွားရေးနည်းလမ်းများဖြင့် ဆွဲဆောင်မှုပေးရန်နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် နည်းလမ်းများရှာဖွေပြီး အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အချက်များကိုလည်း ကော်မတီ၏ လုပ်ငန်းတာဝန်များထဲတွင် ဖော်ပြထားသည်။

သဘာဝဘေးအန္တရာယ်ကြောင့် အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ ဈေးနှုန်းမြင့်တက်ခြင်း၊ ဈေးကစားခြင်းနှင့် ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်ခြင်းများ မဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရှိရန်လည်း ကော်မတီက လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## ကဗျာလွတ်အက အခြေခံသင်တန်းနှင့် အဆိုအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

မြိတ် ဩဂုတ် ၂

မြိတ်တက္ကသိုလ် မြန်မာ့ရိုးရာယဉ်ကျေးမှု ကဗျာလွတ်အက အခြေခံသင်တန်းနှင့် အဆိုအခြေခံ သင်တန်းဆင်းပွဲ အခမ်းအနားကို မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ထို့နောက် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက သင်တန်းများ ဖွင့်လှစ်ရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ပျော်ရွှင်ချမ်းမြေ့ဖွယ် ပညာရပ်ဝန်းတစ်ခု ဖြစ်ပေါ်စေရန်၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် ကျောင်းသား ကျောင်းသူများ ချစ်ခင်ရင်းနှီးမှုရှိစေရန် ရည်ရွယ်ချက်များဖြင့် ဇူလိုင် ၁၂ ရက်မှ ဩဂုတ် ၂ ရက်အထိ မြိတ်တက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကောင်းကောင်း(ဘူမိ)**

## ပန်းတနော်မြို့နယ်၌ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ပန်းတနော် ဩဂုတ် ၂**

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ် အတွင်းရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပန်းတနော်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက် လမ်းတံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်က လာရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပိန်းချောင်း-ဇရပ်လှကြီး-စံကျ-အစုကြီးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် အိုးဘို-ချောင်းကလေး လမ်းပေါ်ရှိ ကျုံပတောာ ချောင်းကူးတံတား တည်ဆောက်ခြင်း လုပ်ငန်းများအား သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်း၊ မအူပင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်အေးနန္ဒာစိုးနှင့် ဦးစီးအရာရှိ(မြို့ပြ)(တာဝန်) ဒေါ်စုမြတ်မွန်တို့က တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် တည်ဆောက်သော ကျုံပတောာချောင်းကူးတံတားမှာ နှစ်ဆက်လုပ်ငန်း ဖြစ်ကြောင်း တင်ပြခဲ့ကြရာတွင် ဘဏ္ဍာနှစ်နှစ်နှစ်အတွင်း အပြီးဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

❖ မြန်မာ ယူ-၂၃

ပြန်လည်တွေ့ဆုံနေခြင်းဖြစ်ပြီး ကမ္ဘောဒီးယားကို အနိုင်ရသော်လည်း ထိုင်းအသင်းကို အရေးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယခုပြိုင်ပွဲပြီးပါက စက်တင်ဘာလဆန်းတွင် ၂၀၂၄ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ၊ စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပမည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ကိုညီလေး**

သက်ရှိကမ္ဘာရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# လေ့လာသင်ယူခြင်းနှင့် တိုးတက်မှု

―――― သိန်းထွန်း (IR) ――――

**လူတစ်ယောက်ရဲ့ ဘဝတစ်လျှောက်အတွက် ပညာဆိုတာ ဘယ်လောက်အရေးပါတယ်၊ လိုအပ်တယ်ဆိုတာ အသက်ကြီးလာလေ ပိုသိလေ၊ ဘဝရုန်းကန်ရလေ ပိုသိလေပါပဲ။**

ငယ်စဉ်ကတော့ ပညာရဲ့တန်ဖိုးကို နားမလည်ခဲ့ပါဘူး။ မိဘတွေက ကျောင်းသွားခိုင်းလို့သာ ကျောင်းတက်ခဲ့ရတယ်။ ပညာကို ကိုယ်ကိုယ်တိုင် လိုချင်စိတ်ရယ်လို့ မရှိခဲ့ဘူး။ အခုမှ ပညာရဲ့တန်ဖိုးကို နားလည်လာပြီး ငယ်ငယ်က ပညာကြိုးစားမရှာခဲ့မိတာကို နောင်တရမိတော့တယ်။ ပညာကို ဝတ်ကျေတန်းကျေပဲ ယူခဲ့မိတယ်၊ ကိုယ်တိုင်လိုချင်စိတ်နဲ့ ကြိုးစားမရှာခဲ့ဘူး။ လူမှုကိစ္စတွေရှုပ်ထွေးပြီး အသက်အရွယ်ကြီးတဲ့အချိန်ကျမှ ပညာရှာဖို့ဆိုတာက ကန့်သတ်ချက်တွေ အများကြီးဖြစ်နေပြီ။ အသက်ကြီးလည်း ပညာရှာလို့ရတယ်ဆိုပေမယ့် ပထမအရွယ်မှာလို သူ့အရွယ်၊ သူ့အချိန်နဲ့ ပညာရှာကြမှ ဘဝလမ်းကြောင်းလျှောက်တဲ့အချိန်မှာ ပညာနဲ့တည်ဆောက်နိုင်မှာပေါ့။

**မိဘတွေက ပွဲကိုင်တဲ့သူတွေ**

ဒါကြောင့်မို့လို့ ကျောင်းနေရမယ့်အရွယ် ကလေးငယ်တွေ ကျောင်းမနေရတာကိုမြင်ရ၊ ကြားရတိုင်း စိတ်ထဲမကောင်းဘူး။ သားသမီးချင်း ကိုယ်ချင်းစာတယ်။ သူတို့အနာဂတ်လေးတွေအတွက် စိတ်မောမိတယ်။ အဝေးကြီးမကြည့်နဲ့ဦး။ ပြီးခဲ့တဲ့ ကိုဗစ်–၁၉ ဖြစ်တဲ့ကာလမှာ ကျောင်းတွေပိတ်ထားရတော့ ပညာရှာရမယ့်အချိန်တွေ ပုပ်ကုန်တယ်။ အဲဒီလို လေလွင့်သွားတဲ့အချိန်တွေကို ပြန်အစားထိုးလို့ မရနိုင်တော့ဘူးလေ။

အချိန်နဲ့ဒီရေသည် လူကိုမစောင့်ဆိုတဲ့ စကားလိုပဲ။ ပညာသင်ကြားရမယ့်အရွယ်မှာ အချိန်ကို အကျိုးရှိရှိသုံးပြီး ပညာရှာကြဖို့လိုတာပေါ့။ ကလေးငယ်တွေ သူ့အချိန်နဲ့သူ၊ သူ့အရွယ်နဲ့သူ ပညာရှာဖို့မှာ မိဘတွေက ပွဲကိုင်တဲ့သူတွေပါပဲ။ မိဘတွေက သားသမီးကို အနီးကပ်အုပ်ထိန်းနေကြတာမို့ သားသမီးပညာရေးကို ဦးဆောင်စီစဉ်ပေးရသူပါ။ ဒါပေမဲ့ ပညာရေးစနစ်တစ်ခုလုံးအတွက်ဆိုရင်တော့ မိဘတွေအပြင် အခြားအရေးပါတဲ့ကဏ္ဍတွေလည်း ဆက်စပ်ပါဝင်လာပါတယ်။ မိဘတစ်ဦးချင်းအနေနဲ့ဆိုရင် မိဘတိုင်းလိုလိုက ကိုယ့်သားသမီးကို ပညာတတ်တွေ၊ ထူးချွန်ထက်မြက်သူတွေ ဖြစ်စေချင်ကြသူချည်းပါပဲ။ အဲဒီအထဲမှာ ကိုယ့်သားသမီးကို ကျောင်းမထားနိုင်လောက်တဲ့အထိ အခက်အခဲ၊ အကျပ်အတည်းနဲ့ ရုန်းကန်နေရတဲ့သူတွေလည်း ရှိနေပါတယ်။ မိဘတစ်ဦးချင်းအနေနဲ့ ကျော်လွှားဖို့ မလွယ်ကူတဲ့ အခက်အခဲတွေပေ့ါ။

မိဘဆိုတာတော့ ရှိတာ/ မရှိတာအပထား သားသမီးပညာရေး ဦးစားပေးကြသူတွေများပါတယ်။ ကိုယ့်သားသမီးတွေ ပညာတတ်ကြမှ သူတို့ဘဝနောင်ရေးတွေ စိတ်ချရမှာမဟုတ်လား။ ဒီထက်ကြီးကြီးကျယ်ကျယ်ပြောရရင် လူ့အသိုက်အဝန်းနဲ့ နိုင်ငံကို သူတို့လက်ထဲထားခဲ့ကြရမှာလေ။ သူတို့ပညာတတ်ဖို့ လိုတာပေ့ါ။ ကလေးငယ်တွေ ပညာတတ်ဖို့ဆိုတာ အဲဒီလောက်အထိ အရေးပါပါတယ်။ ဒါကြောင့်လည်း နယ်ဆင်မင်ဒဲလားက ပြောတာပေါ့ "ပညာရေးဆိုတာ ကမ္ဘာကြီးကို ပြောင်းလဲပစ်နိုင်တဲ့ အစွမ်းထက်ဆုံးလက်နက်ဖြစ်တယ်"တဲ့။ လူ့အသိုက်အဝန်းနဲ့ နိုင်ငံတောင်မကဘူး၊ ကမ္ဘာကြီးကိုတောင် ပြောင်းလဲနိုင်တယ်တဲ့။ မြန်မာစကားမှာတော့ "ပညာသမာ၊ အာဘာနတ္ထိ၊ ပညာနှင့်တူသော အလင်းရောင်သည် မရှိ" လို့ ဆိုထားပါတယ်။

ဒီတော့ နိုင်ငံတစ်နိုင်ငံမှာ ကလေးငယ်လေးတွေ ကျောင်းနေတဲ့အရွယ် ကျောင်းတက်ကြဖို့ဆိုတာ နိုင်ငံအတွက် အရေးပါတဲ့ပညာရေးလုပ်ငန်းဆိုတာ သေချာပြီးသားပါ။ အမေရိကန်သမ္မတ ဘင်ဂျမင်ဖရန့်ကလင်က "အသိပညာအတွက် ရင်းနှီးမြှုပ်နှံတာဟာ အကောင်းဆုံးအကျိုးစီးပွားကိုပေးတယ်" လို့ ပြောခဲ့ဖူးတယ်။ ကလေးတွေ ကျောင်းသွားပြီး ပညာတွေသင်နေကြတာ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံနေတာပါပဲ။ သူတို့ကိုယ်တိုင် သင်ယူတတ်မြောက်ထားတဲ့ ပညာတွေဟာ သူတို့နဲ့အတူ တစ်သက်လုံးရှိနေမှာပါ။ ဒီရင်းနှီးမြှုပ်နှံမှုတွေက သုံးတတ်ရင် သုံးတတ်သလောက် သူတို့ဘဝတစ်လျှောက်လုံးကို အကျိုးပြုသွားမှာပါပဲ။ မိဘတွေက သားသမီးတွေကို ငွေကြေးဥစ္စာတွေ၊ စည်းစိမ်အမွေတွေ ဘယ်လောက်ပေးပေး အဲဒါတွေက အကြောင်းအမျိုးမျိုးကြောင့် တစ်ချိန်ချိန်မှာ ပျက်စီးတတ်၊ လျော့နည်းသွားနိုင်သေးတယ်။ ကုဋေရှစ်ဆယ်သူဌေးသား ပုံပြင်လိုပဲ

နေ အလင်းရောင်၊ လ အလင်းရောင်တို့ထက် ပညာအလင်းရောင်က ပိုလင်းတဲ့ သဘောပဲ။ လူသားတွေကို အမှန်တကယ် ကွဲပြားစေတာက အလင်းထဲမှာနေတဲ့သူတွေနဲ့ အမှောင်ထဲမှာနေတဲ့သူတွေအကြား ဖြစ်တယ်လို့လည်း ဆိုကြတယ်။ ဆိုရရင် ပညာရေးဟာ နိုင်ငံတစ်နိုင်ငံအတွက် ဝမ်းစာပါ။ ဒါကြောင့် နိုင်ငံတကာမှာ ပညာခေတ်လို့ တစာစာအော်နေကြပြီး ပညာ၊ ကျွမ်းကျင်မှုနဲ့ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိတဲ့သူတွေ ပြုစုပျိုးထောင်မွေးထုတ်နေချိန်မှာ ကျွန်တော်တို့မျိုးဆက်သစ်တွေအတွက် တိကျတဲ့အဖြေဆိုတာ အထွေအထူးစဉ်းစားနေစရာတောင်မလိုဘူး။ ပညာတတ်တွေ မွေးထုတ်ပေးဖို့ပါပဲ။ မျိုးဆက်သစ်ကလေးငယ်တွေရဲ့ဘဝတွေတိုးတက်ဖို့နဲ့ ပတ်ဝန်းကျင်တိုးတက်စေဖို့အတွက်ဆိုရင် ပညာရေးဟာ မရှိမဖြစ်လိုအပ်ချက်ပဲဖြစ်ပါတယ်။ ပညာရေးမြင့်မားလာတာနဲ့တစ်ဦးတစ်ယောက်ချင်း တိုးတက်တာကနေ လူ့အသိုက်အဝန်းအထိ တိုးတက်စေမှာပါ။ ပညာတတ်မြောက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု တိုက်ရိုက်အချိုးကျတာကို ကမ္ဘာမှာ တိုးတက်တဲ့နိုင်ငံတွေကြည့်လိုက်ရင် တွေ့နိုင်တယ်။

ဒီတော့ နိုင်ငံတစ်နိုင်ငံမှာ ကလေးငယ်လေးတွေ ကျောင်းနေတဲ့အရွယ် ကျောင်းတက်ကြဖို့ဆိုတာ နိုင်ငံအတွက် အရေးပါတဲ့ပညာရေးလုပ်ငန်းဆိုတာ သေချာပြီးသားပါ။ အမေရိကန်သမ္မတ ဘင်ဂျမင်ဖရန့်ကလင်က "အသိပညာအတွက် ရင်းနှီးမြှုပ်နှံတာဟာ အကောင်းဆုံးအကျိုးစီးပွားကိုပေးတယ်" လို့ ပြောခဲ့ဖူးတယ်။ ကလေးတွေ ကျောင်းသွားပြီးပညာတွေသင်နေကြတာ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံနေတာပါပဲ။ သူတို့ကိုယ်တိုင် သင်ယူတတ်မြောက်ထားတဲ့ ပညာတွေဟာ သူတို့နဲ့အတူ တစ်သက်လုံးရှိနေမှာပါ။ ဒီရင်းနှီးမြှုပ်နှံမှုတွေက သုံးတတ်ရင် သုံးတတ်သလောက် သူတို့ဘဝတစ်လျှောက်လုံးကို အကျိုးပြုသွားမှာပါပဲ။ မိဘတွေက သားသမီးတွေကို ငွေကြေးဥစ္စာတွေ၊ စည်းစိမ်အမွေတွေ ဘယ်လောက်ပေးပေး အဲဒါတွေက အကြောင်းအမျိုးမျိုးကြောင့် တစ်ချိန်ချိန်မှာ ပျက်စီးတတ်၊ လျော့နည်းသွားနိုင်သေးတယ်။ ကုဋေရှစ်ဆယ်သူဌေးသား ပုံပြင်လိုပဲ။

ဒါပေမဲ့ ကိုယ်သင်ယူတတ်မြောက်ထားတဲ့ ပညာတွေဆိုတာကတော့ မသေမချင်း ကိုယ်နဲ့အတူရှိနေပါလိမ့်မယ်။ ဘယ်သူမှ ခိုးယူလို့မရ၊ လုယူလို့မရဘူး။ လောကနီတိမှာတော့ "**အတတ်နှင့်တူသော ဥစ္စာသည် မရှိ။ အတတ်ကို ခိုးသူတို့သည် မယူနိုင်ကုန်။ ဤလောက၌ အတတ်သည်ကား အဆွေခင်ပွန်းဖြစ်၏။ တမလွန်ဘဝ၌ ချမ်းသာကို ဆောင်တတ်၏**" လို့ ဆိုပါတယ်။ ဟုတ်ပါတယ်။ ကိုယ်တတ်ထားတဲ့ပညာတွေဆိုတာ ကိုယ်နဲ့အမြဲတမ်းမကွဲမကွာရှိနေတာမို့ ပညာရွှေအိုး လူမခိုးလို့ ဆိုခဲ့ကြတာ။ နောက်ပြီး ပညာရေးဟာ မျိုးဆက်သစ်တွေကို မြှင့်တင်ပေးဖို့အတွက် လူတန်းစားအားလုံးရဲ့ အဓိကအားထားရာ နည်းလမ်းဆိုရင်လည်း မမှားပေဘူး။

ဒါကြောင့် မိဘတိုင်းက သားသမီးတွေ ပညာတတ်ကြီးတွေဖြစ်ဖို့ တတ်နိုင်တဲ့နည်းလမ်းနဲ့ ကြိုးပမ်းနေကြတယ်။ အရင်ကတော့ ပညာသင်ယူတာ ရိုးရှင်းပါတယ်။ အခုတော့ ပညာရှာဖို့နည်းလမ်းတွေ၊ ပညာရပ်နယ်ပယ်တွေ၊ ငွေကြေးကုန်ကျစရိတ်တွေဟာ တစ်နေ့တခြား တိုးတက်ပြောင်းလဲနေပြီ။ သေစာရှင်စာတတ်ရင်ရပါပြီ တို့၊ ဘွဲ့ရရင် ပညာရေးဆုံးခန်းတိုင်သွားပြီတို့ ဆိုတဲ့ခေတ်မဟုတ်တော့ဘူး။ တိုးတက်ပြောင်းလဲနေတဲ့ ပတ်ဝန်းကျင်က အဆင့်မြင့်ပညာတွေ၊ ကျွမ်းကျင်မှုတွေ တောင်းဆိုနေပြီ။ ကျောင်းတွေမှာ အဆင့်မြင့်ပညာတွေ သင်ပြီးတာတောင် မလုံလောက်လို့ စဉ်ဆက်မပြတ်သင်ယူမှုတွေ လုပ်နေကြရပြီ။

ဆိုလိုချင်တာက အရှိန်ပြင်းပြင်းနဲ့ တိုးတက်နေတာကို အမီလိုက်ဖို့ အသိပညာတွေ၊ အတတ်ပညာတွေကို စဉ်ဆက်မပြတ်သင်ယူနေမှ အများနဲ့ယှဉ်နိုင်မှာ။ လေ့လာသင်ယူမှုမရှိတာနဲ့ နောက်ကျကျန်ခဲ့မှာပဲ။ ဒါကြောင့်လည်း ပညာရေးမြင့်မားတဲ့နိုင်ငံတွေဟာ ကမ္ဘာကို ဦးဆောင်နေကြတာ လက်တွေ့ပဲ။ ကမ္ဘာကြည့်ကြည့်ဖို့ဆိုရင် ကမ္ဘာသိသိဖို့ ပညာလိုပါတယ်။ ဒီကနေ့ ကဏ္ဍအသီးသီးမှာ ပရော်ဖက်ရှင်နယ် ကျွမ်းကျင်မှုတွေ တောင်းဆိုနေတာကိုကြည့်ရင် သက်ဆိုင်ရာနယ်ပယ်အလိုက် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံနဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ဘယ်လောက်အထိ လိုအပ်မလဲဆိုတာ သိသာနိုင်ပါတယ်။

**အခွင့်အလမ်းတွေရရှိဖို့နဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့**

ဒီလိုပညာခေတ်ကြီးဟာ မျိုးဆက်သစ်တွေအတွက် အခွင့်အလမ်းတွေ အများကြီးထွက်နေသလို တစ်ဖက်မှာလည်း စိန်ခေါ်မှုတွေ တိုးလာနေပါတယ်။ အခွင့်အလမ်းတွေရရှိဖို့နဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့အတွက်နည်းလမ်းက စဉ်ဆက်မပြတ် လေ့လာသင်ယူဖို့ပါပဲ။ စဉ်ဆက်မပြတ်လေ့လာသင်ယူဖို့ဆိုရာမှာ သင်ယူနိုင်တဲ့ အခွင့်အလမ်းနဲ့ လက်လှမ်းမီနိုင်မှုကလည်း အချို့ကလေးတွေအတွက် အခက်အခဲတွေရှိနေပါတယ်။ အချို့မူလတန်းကျောင်းသားအရွယ်တွေ၊ အလယ်တန်းကျောင်းသားအရွယ်တွေကအစ ပညာသင်ရမယ့်အရွယ်တွေ အချိန်မတိုင်မီ လုပ်ငန်းခွင်ထဲရောက်နေကြတာကို စိတ်မကောင်းဖွယ် တွေ့နေရပါတယ်။

သူတို့တစ်တွေ အချိန်မတိုင်မီ လုပ်ငန်းခွင်တွေထဲရောက်နေတာဟာ လူငယ်တွေရဲ့ အနာဂတ်၊ လူ့အဖွဲ့အစည်းရဲ့အနာဂတ်အတွက် ကောင်းတဲ့အခြေအနေမဟုတ်ပါဘူး။ လူတိုင်းအကျုံးဝင်တဲ့ ပညာရေးဖြစ်မှ ကလေးငယ်တိုင်း လက်လှမ်းမီတဲ့ သင်ယူမှုအခွင့်အလမ်းတွေရမှာပါ။ ဒီတော့ ကျောင်းဝန်းပြင်ပကိုရောက်နေရတဲ့ မျိုးဆက်သစ်လေးတွေ စာသင်ခန်းထဲရောက်ဖို့ တာဝန်ရှိသူအားလုံးရဲ့ ထိရောက်တဲ့ လုပ်ဆောင်မှုလိုအပ်ပါတယ်။

နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ လူငယ်တွေ ထိထိရောက်ရောက်နဲ့ ပြည့်ပြည့်ဝဝ ပါဝင်နိုင်ဖို့ဆိုရင် လူငယ်တွေရဲ့ ပညာရေးနဲ့ အသိပညာတွေဟာ အဓိကလိုအပ်ပါတယ်။ အထူးသဖြင့် အပယ်ခံလူငယ်လေးတွေရဲ့ အသိပညာ၊ အရည်အသွေး၊ ကျွမ်းကျင်မှုတွေနဲ့ ကျင့်ဝတ်တန်ဖိုးတွေကို မြှင့်တင်ပေးမှ နိုင်ငံရဲ့နယ်ပယ်အသီးသီးမှာ သူတို့ရဲ့အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ပါလိမ့်မယ်။ ဒါဟာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရေးရဲ့ အဓိကရည်မှန်းချက်လို့လည်း ဆိုနိုင်ပါတယ်။ အဲဒီရည်မှန်းချက်အောင်မြင်ဖို့ဆိုတာက ကလေးငယ်တိုင်းဟာ ခွဲခြားခံရမှုမရှိဘဲ အရည်အသွေးပြည့်မီတဲ့ ပညာရေးနဲ့ သင်ယူမှုဆိုင်ရာအခွင့်အလမ်းရရှိမှုအပေါ် မူတည်နေပါတယ်

ကိုဗစ် – ၁၉ ကပ်ရောဂါ ဖြစ်ပွားတဲ့အချိန်က ကလေးပေါင်း ၁၄၇ သန်းဟာ ပညာရေးနဲ့ လွဲချော်ခဲ့တယ်လို့ ကုလသမဂ္ဂက ဆိုပါတယ်။ ကိုဗစ်ကပ်ရောဂါသာမကပါဘူး၊ ကမ္ဘာတစ်ဝန်းက ကလေးငယ်တွေဟာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့်တွေ ဆုံးရှုံးနေတယ်လို့ UNICEF က ဆိုပါတယ်။ **စာမျက်နှာ ၁၁ သို့** ✪

✻ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသနေ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးစေရန်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ပေးနိုင်ရန် အထွက်နှုန်းကောင်း အရည်အသွေးကောင်း သီးနှံမျိုးများ အသုံးပြုနိုင်ရေး၊ ခေတ်မီ စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များ အသုံးပြုနိုင်ရေး အပြင် စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ဆောင်ရွက်ခြင်းနှင့်အတူ ခေတ်မီစက်မှုလယ်ယာစနစ်သို့ အချိတ်အဆက်မိမိ ကူးပြောင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနက အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ယခုကဲ့သို့ သရုပ်ပြပွဲများ နည်းပညာပေးအခမ်းအနားများမှရရှိသော နည်းပညာများကို စနစ်တကျ လိုက်နာအသုံးပြုပြီး မိမိတို့၏ အတွေ့အကြုံကောင်းများကို အခြားတောင်သူများကို လက်ဆင့်ကမ်း ဖြန့်ဝေခြင်းဖြင့် ဒေသနေတောင်သူများအားလုံး အဆင့်မြင့်စိုက်ပျိုး ထုတ်လုပ်မှုနည်းပညာများ ကျင့်သုံးဆောင်ရွက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကောက်စိုက်စက်၊ ကောက်စိုက်စက်ဖြင့် တွဲဖက်သုံးပြုသည့် မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းအခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စပါးမျိုးစေ့ချပျိုးထောင်စက်ဖြင့် ပျိုးဗန်းအတွင်း စပါးမျိုးစေ့ချ ပျိုးထောင်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပျိုးသက်ရက်အလိုက် ခင်းကျင်း ပြသထားသည့် စပါးပျိုးပင်များကို ကြည့်ရှုကြသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများက ကောက်စိုက်စက် အသုံးပြု၍ မိုးစပါး ကောက်စိုက်သရုပ်ပြသမှုနှင့် ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် မျိုးစေ့ချကိရိယာဖြင့် မိုးစပါး စိုက်ပျိုးခြင်းသရုပ်ပြသမှု၊ ကောက်ရိုးဗေဒါရိုးပြတ်နွားချေးများကို သဘာဝမြေသြဇာအဖြစ် ထုတ်လုပ်သုံးစွဲမှုတို့ကို ကြည့်ရှုအားပေးကြသည်။

သတင်းစဉ်

## ဟိုပုံးမြို့နယ် လိုက်ကတူးကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်



ဟိုပုံး ဩဂုတ် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံဟေး ကျေးရွာအုပ်စု လိုက်ကတူး ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ် စက်မှုလယ်ယာ ဦးစီးဌာနတို့ ပူးပေါင်းပြီး တောင်သူများ အကျိုးရှိစေမည့် လယ်ယာသုံး စက်ကိရိယာများကို အခြေခံပြုပြင် ထိန်းသိမ်းနည်းများနှင့် စက်ကိရိယာများဖြင့် စိုက်ပျိုးထွန်ယက်နိုင်မည့် နည်းလမ်းကောင်းများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများဖြင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာပြုပြင် ထိန်းသိမ်းနည်း သင်တန်းသို့ လုံဟေးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်းကိုးရွာမှ သင်တန်းသား ၃၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ၁၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ (ပြန်/ဆက်)

## မူဆယ်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း ဂုဏ်ပြုဆုများ ချီးမြှင့်

မူဆယ် ဩဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၁ - ၂၀၂၂ မီနီဘတ်ဂျက်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၊ စုဆောင်းငွေပေါ်အတိုးနှင့် အမြတ်ငွေများ ထုတ်ပေးခြင်း၊ အသင်းသား သား သမီးများ၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို မူဆယ်မြို့ရှိအိမ်တွင်းမှုကျောင်းခန်းမ၌ ကျင်းပသည်။

ဆက်လက်ပြီး အသင်းသားများ၏ သား သမီးများမှ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူငါးဦးအား တစ်ဘာသာလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄ ဒသမ ၅ သိန်း၊ မြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် လိုအပ်လျက်ရှိသည့် စာသင်ခုံ ၁၅ စုံအတွက် ငွေကျပ် ၁၇ သိန်းလှူဒါန်းခြင်း၊ အသင်းသားများ၏ အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ်အတိုး ကျပ် ၃၁၄ ဒသမ ၂ သိန်းကို ထုတ်ပေးခဲ့သည်။ **သတင်းစဉ်**

## ပခုက္ကူစာပေဆုရ စာအုပ် ဖြန့်ချိရောင်းချ

နေပြည်တော် ဩဂုတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပခုက္ကူစာပေဆု ကျမ်းစာပေ ပထမဆုရရှိသည့် စာရေးသူ မောင်မြကျော်၏ "အခြေခံပညာ သိကောင်းစရာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်တွင် မြန်မာနိုင်ငံ၏ပညာရေး၌ အရေးအကြီးဆုံး ပညာရေးကဏ္ဍကြီးတစ်ခုဖြစ်သည့် အခြေခံပညာရေးအကြောင်းကို ရေးသားထားသည်။ သိမှတ်ဖွယ်ရာ အခြေခံပညာနှင့် အခြေခံပညာကျောင်းဝေါဟာရများဟူ၍ အပိုင်း (၂) ပိုင်းဖြင့် ခွဲခြားရေးသားတင်ပြထားသည်။ အပိုင်း (၁) တွင် အခြေခံပညာဖွင့်ဆိုသတ်မှတ်ချက်များ၊ အခြေခံပညာဌာနဖွဲ့စည်းခြင်းနှင့် ဌာနအကြီးအကဲများ၊ အခြေခံပညာနှင့် ပညာရေးအမျိုးအစားများ၊ အခြေခံပညာနှင့် ဆရာအတတ်ပညာ၊ အခြေခံပညာနှင့် သင်ကြား၊ သင်ယူမှုလုပ်ငန်းစဉ်များ၊ အခြေခံပညာနှင့် စစ်ဆေးအကဲဖြတ်ခြင်း၊ အခြေခံပညာ- ပညာရေးစီမံကိန်း၊ စီမံချက်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အခြေခံပညာနှင့် မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များကို ရေးသားထားသည်။ အပိုင်း (၂) တွင် ကျောင်းဟူသော စကားလုံးဖြင့် အစပြုထားသည့် ဝေါဟာရများ၊ ကျောင်းဟူသော စကားလုံးဖြင့် အဆုံးသတ်ဝေါဟာရများ (သို့မဟုတ်) ကျောင်းအမျိုးအစားများ၊ ဆရာအခေါ်အဝေါ်များ (သို့မဟုတ်) ဆရာအမျိုးအစားဟူ၍ အခန်းများခွဲကာ ရေးသားတင်ပြထားပါသည်။ ထို့ကြောင့် ယင်းစာအုပ်သည်အခြေခံပညာရေးနှင့်ပတ်သက်၍ ခြုံငုံသိရှိနိုင်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် အမှတ် (၅၂၉ - ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉- ၅၃၁) ကုန်သည်လမ်းရှိစာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**သတင်းစဉ်**

✪ စာမျက်နှာ ၁၀ မှ

အဲဒီထဲမှာ ဆင်းရဲမွဲတေမှုဟာ အခက်ခဲဆုံး အတားအဆီးတစ်ခုဖြစ်တယ်လို့လည်း ဆိုပါတယ်။ စီးပွားရေးမတည်ငြိမ်မှု၊ နိုင်ငံရေးမတည်ငြိမ်မှု၊ ပဋိပက္ခတွေ၊ သဘာဝဘေးဒဏ်တွေနဲ့ ရင်ဆိုင်နေကြရတဲ့ကလေးတွေဟာ မသန်စွမ်းတဲ့ကလေးတွေလိုပဲ ပညာရေးဆုံးရှုံးနိုင်ခြေ ပိုများနေတယ်လို့ UNICEF က ဆိုပါတယ်။ ဒါ့အပြင် ကျောင်းတွေရဲ့ တည်နေရာနဲ့ သင်ကြားရေးစနစ်၊ ပညာရေးမူဝါဒနဲ့ အကောင်အထည်ဖော်မှု စတာတွေဟာလည်း ကလေးငယ်တွေရဲ့ ပညာသင်ကြားမှုအပေါ် အကျိုးသက်ရောက်နေတဲ့အချက်တွေအဖြစ် တွေ့ရပါတယ်။

### အားလုံးလက်လှမ်းမီတဲ့ပညာရေး

ဒီအချက်တွေဟာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ကြဖို့နဲ့ အားလုံးလက်လှမ်းမီတဲ့ ပညာရေးဖြစ်ဖို့အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတွေအဖြစ် ရှိနေဆဲပါ။ ဒါ့အပြင် ကလေးငယ်တွေ ကျောင်းတက်နှုန်းမြင့်မားလာပေမယ့် အချို့ကတော့ မူလတန်းပညာရေးပြီးဆုံးပြီးနောက်မှာ အလယ်တန်းပညာရေး၊ သက်မွေးပညာရေး၊ ကျောင်းပြင်ပပညာရေးကို ဆက်ပြီးရောက်ရှိမလာကြတာလည်း ရှိနေပါတယ်။ ပညာရေးဆုံးခန်းတိုင်အောင် ဆက်ပြီးမတက်နိုင်ကြတော့ပါဘူး။ ဒါဟာ ကျောင်းဆက်မတက်တော့တဲ့ ကလေးတစ်ဦးချင်းစီရဲ့ ဆုံးရှုံးနစ်နာမှုလို့ ပြောလို့မရပါဘူး။ လူ့အဖွဲ့အစည်းအတွက်လည်း ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုပါ။

**နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ လူငယ်တွေ ထိထိရောက်ရောက်နဲ့ ပြည့်ပြည့်ဝဝ ပါဝင်နိုင်ဖို့ဆိုရင် လူငယ်တွေရဲ့ ပညာရေးနဲ့ အသိပညာတွေဟာ အဓိကလိုအပ်ပါတယ်။ အထူးသဖြင့် အပယ်ခံလူငယ်လေးတွေရဲ့ အသိပညာ၊ အရည်အသွေး၊ ကျွမ်းကျင်မှုတွေနဲ့ ကျင့်ဝတ်တန်ဖိုးတွေကို မြှင့်တင်ပေးမှ နိုင်ငံရဲ့နယ်ပယ်အသီးသီးမှာ သူတို့ရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ပါလိမ့်မယ်။ ဒါဟာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရေးရဲ့ အဓိကရည်မှန်းချက်လို့လည်း ဆိုနိုင်ပါတယ်။ အဲဒီရည်မှန်းချက် အောင်မြင်ဖို့ဆိုတာက ကလေးငယ်တိုင်းဟာ ခွဲခြားခံရမှုမရှိဘဲ အရည်အသွေးပြည့်မီတဲ့ ပညာရေးနဲ့ သင်ယူမှုဆိုင်ရာ အခွင့်အလမ်းရရှိမှုအပေါ် မူတည်နေပါတယ်။**

### အရည်အသွေးရှိတဲ့ ပညာရေး

တိုးတက်မှုပေါက်ကွဲနေတဲ့ ပညာခေတ်ကြီးမှာ အများနည်းတူတိုးတက်ဖို့နဲ့ ရေရှည်တိုးတက်ဖို့ဟာ ပညာရေးကလွဲပြီး အခြားဖြတ်လမ်းနည်းမရှိပါဘူး။ အရည်အသွေးရှိတဲ့ ပညာရေးကသာ အသိပညာ၊ အတတ်ပညာနဲ့ ကျင့်ဝတ်တန်ဖိုးပြည့်ဝတဲ့ မျိုးဆက်သစ်တွေ မွေးထုတ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ပညာတတ်မျိုးဆက်သစ်တွေ မွေးထုတ်ရေးဟာ အခုရေတွင်းတူး အခုရေကြည်သောက်လို့ရတဲ့ လုပ်ငန်းစဉ်မဟုတ်ပါဘူး။ ရေရှည်ရင်းနှီးမြှုပ်နှံကြရပါတယ်။ စဉ်ဆက်မပြတ်မွေးထုတ်ပေးကြရပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားလိုက်တဲ့အတွက် လူ့သမိုင်းမှာ ပထမဆုံးအကြိမ်အနေနဲ့ ကမ္ဘာတစ်ဝန်းက မျိုးဆက်တစ်ခုလုံးရဲ့ ပညာရေးပြတ်တောက်သွားတယ်လို့ Save the Children အဖွဲ့ရဲ့ Save Our Education အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ပညာရေးပြတ်တောက်သွားတာဟာ ပညာမျိုးဆက်ပြတ်တောက်သွားတာပါပဲ။ ဒါကြောင့် လူတိုင်းအတွက် ပညာရေးဖြစ်ဖို့ ပညာရေးဆိုင်ရာ အခက်အခဲတွေ လျှော့နည်းအောင် ဖန်တီးပေးကြရမှာပါ။ မျိုးဆက်သစ်ကလေးငယ်တွေအတွက် ပညာရေးအခွင့်အလမ်းတွေ များလာအောင် ဖန်တီးပေးတာဟာ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ တည်ဆောက်ခြင်းလည်းဖြစ်ပါတယ်။ ။

**ကိုးကား**

**၁။ မြန်မာဆိုရိုးစကား (ပထမအကြိမ်)။ မြန်မာစာအဖွဲ့ဦးစီးဌာန။ အောက်တိုဘာ ၁၉၉၆။**

**၂။ https://www.unicef.org/education**

# စွန့်ပစ်အမှိုက်များမှ သဘာဝမြေသြဇာထုတ်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုပြီး သဘာဝမြေသြဇာထုတ်လုပ်သုံးစွဲနိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ပုဗ္ဗသီရိအမှိုက်ကွင်းသို့ သွားရောက်၍ နေပြည်တော်အတွင်းမှထွက်ရှိသည့် စွန့်ပစ်အမှိုက်များမှ သဘာဝမြေသြဇာထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



### ပြောကြား

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် သဘာဝမြေသြဇာထုတ်လုပ်သုံးစွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် မူဝါဒနှင့်အညီ လယ်ယာကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်ရေးအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် စားရေရိက္ခာဖူလုံရေးနှင့် ဝမ်းစာပြည့်မီရေးအတွက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာတွင် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အရင်းအနှီးစိုက်စရိတ်များကို ထုတ်ချေးပေးလျက်ရှိရာ တောင်သူများလိုအပ်လျက်ရှိသော သွင်းအားစုများ အရည်အသွေးပြည့်မီစွာနှင့် အချိန်မီရရှိရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးတွင်လိုအပ်သည့် သဘာဝမြေသြဇာကို စွန့်ပစ်အမှိုက်များမှ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက စိုက်ပျိုးရေးသီးနှံများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် ဈေးများနှင့် အမှိုက်ပုံးများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေသြဇာထုတ်လုပ်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများက စွန့်ပစ်ပစ္စည်းများ စုဆောင်းရရှိမှုအခြေအနေများနှင့် သဘာဝမြေသြဇာထုတ်လုပ်နိုင်မှုအခြေအနေတို့ကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝမြေသြဇာထုတ်လုပ်နိုင်မည့် စက်ရုံများပေါ်ထွန်းလာစေရေးနှင့် သဘာဝမြေသြဇာများ လုံလောက်မှုရှိစေရေး လိုအပ်သည့် ကူညီမှုများ ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေများနှင့် မျိုး၊ မြေ၊ ရေ၊ နည်းပညာနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

ပဲခူး ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ခဲ့သည်။

### ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဗီယက်နမ်နိုင်ငံထုတ် တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြသမှုကို ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက် အသုံးပြုပုံနှင့် ပျိုးထောင်ရန် အချက်အလက်များကို ပဲခူးခရိုင်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့ တာဝန်ရှိသူများက မှတ်တမ်းဗီဒီယိုဖြင့် အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝေါမြို့နယ် ကျိုက်လှကျေးရွာရှိ ဒေါ်အယ်တာမေ၏ ကိုကိုးသီးနှံပျိုးခြံသို့ ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီး၏ အမယ်သစ်ထုတ်ကုန်အဖြစ် စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကာ ဝေါမြို့နယ်အဗျားဘိုတဲကျေးရွာ၌ ဒေါက်တာမင်းနိုင်၏ ကာကီကင်းအမျိုးအစား ဥစားဘဲ အကောင်ရေ ၂၀၉၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

### ခေတ်မီသော ထုပ်ပိုးမှုစနစ်

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဝေါမြို့နယ် အဗျားဘိုတဲကျေးရွာရှိ ဒေါ်ခင်သန်းနုနှင့် ဒေါ်သူဇာတင့်တို့၏ ငါးရံ့ခြောက်လုပ်ငန်းသို့ ရောက်ရှိပြီး သဘာဝရေပြင်များတွင် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အဆင့်ထိ ငါးရံ့များမွေးမြူနိုင်ရေး နည်းပညာပေးရန်၊ ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး လျှပ်စစ် ရှော့တိုက်ငါးဖမ်းခြင်းကို ထိရောက်စွာအရေးယူရန်နှင့် ငါးရံ့ခြောက်မှ တန်ဖိုးမြင့် အသင့်စားငါးခြောက်အဆင့်ထိ တိုးတက်ထုတ်လုပ်၍ ခေတ်မီသောထုပ်ပိုးမှုစနစ်များဖြင့် ပြည်ပနိုင်ငံအထိ တင်ပို့နိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)





# ရေဘုတ်ရေလှောင်တမံ ရေပြည့်အမှတ်ထက်ကျော်လွန်နေမှု ကြည့်ရှုစစ်ဆေး

ဘားအံ ဩဂုတ် ၂

၂၀၂၃ ခုနှစ် ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခန့်က ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင် အားကစားကွင်း၌ ကျင်းပသည်။

### ဂုဏ်ပြုဆုများ ပေးအပ်

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်တီးခတ်ကူညီပေးသော ဘင်ခရာအဖွဲ့နှင့် ပန်းပွားအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစား ဝါသနာရှင်များက အမျိုးသမီး မီတာ (၁၀၀)x(၄) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲနှင့် အမျိုးသား မီတာ(၁၀၀)x(၄) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့နံနက် တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ၇၃၂ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ် ၇၅၀ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနိုင်သည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ ကမ်းနားလမ်းနှင့် ဘီအိုစီလမ်းထောင့်တွင် သံလွင်မြစ်ရေမြင့်တက်လာမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်ကြသူများအား အထူးသတိပြု နေထိုင်ကြရန် အသိပေးနှိုးဆော်နိုင်ရေးနှင့် လိုအပ်ပါက အရေးပေါ်ရွှေ့ပြောင်းနေရာချထားပေးနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံတွင် တမံရေပြည့်အမှတ်ထက် ရေကျော်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# စစ်တွေမြို့၌ စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

နေပြည်တော် ဩဂုတ် ၂

မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

### ရောင်းချပေး

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့်ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

သတင်းစဉ်

# ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်ပထမခုနစ်လအတွင်း နိုင်ငံခြားသားခရီးသွား ၆ ဒသမ ၆ သန်းကျော်ဝင်ရောက်



ဟန်နွိုင်း ဩဂုတ် ၂

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်ပထမခုနစ်လတာကာလအတွင်း နိုင်ငံခြားသားခရီးသွားဦးရေ ၆ ဒသမ ၆ သန်းကျော် ဝင်ရောက်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်မျှော်မှန်းချက်၏ ၈၃ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံးအချက်အလက်များကို ကိုးကား၍ ဒေသတွင်းမီဒီယာများက သတင်းဖော်ပြခဲ့သည်။

အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိလာသည့် နိုင်ငံခြားသားခရီးသွား အရေအတွက်သည် နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသွားစုစုပေါင်း၏ ၈၇ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းနောက်တွင် ကုန်းလမ်းခရီးမှ ရောက်ရှိလာသူ ၁၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ပင်လယ်ရေကြောင်းမှရောက်ရှိလာသူသည့ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ဒေသတွင်းသတင်းစာဖြစ်သည့် ဗီယက်နမ်နယူးစ်သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

ယခုနှစ်ပထမခုနစ်လအတွင်း ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာခဲ့သည့် နိုင်ငံခြားသားခရီးသွားများအနက် အာရှဒေသမှ ၇၅ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အများဆုံးရပ်တည်နေပြီး ၎င်းနောက်တွင် ဥရောပနှင့် အမေရိကမှ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု အများဆုံးဒေသများအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ဗီယက်နမ်နိုင်ငံသို့ အများဆုံးလာရောက်သည့် နိုင်ငံများတွင် တောင်ကိုရီးယား၊ တရုတ်နှင့် အမေရိကန်နိုင်ငံတို့ပါဝင်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်းခွန်နန် ချဉ်းကပ်လာ



ပေကျင်း ဩဂုတ် ၂

တရုတ်နိုင်ငံသို့ ယခုနှစ်၏ ခြောက်ကြိမ်မြောက် တိုင်ဖွန်းမုန်တိုင်းခွန်နန်သည် နိုင်ငံအတွင်းသို့ ချဉ်းကပ်လာနေပြီး တရုတ်နိုင်ငံ၏ လူဦးရေထူထပ်သော ကမ်းရိုးတန်းဒေသများကို ယခုသီတင်းပတ်အတွင်း ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း သိရသည်။

၎င်းမုန်တိုင်းသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက် နံနက်တွင် စူပါတိုင်ဖွန်းမုန်တိုင်း အဖြစ်သို့ ပြောင်းလဲခဲ့ကာ ဩဂုတ် ၁ ရက်တွင် ဂျပန်နိုင်ငံအနောက်တောင်ပိုင်း အိုကီနာဝါကျွန်းကို ချဉ်းကပ်လာခဲ့သဖြင့် ယင်းဒေသတွင် လေပြင်းတိုက်ခတ်ခြင်း၊ လှိုင်းကြီးခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးများ ရပ်နားကာ စတိုးဆိုင်များ ပိတ်ခဲ့ရသည်။

ဩဂုတ် ၂ ရက် နံနက်ပိုင်းက မုန်တိုင်းကြောင့် အိမ်ခြေနှစ်သိန်းကျော် လျှပ်စစ်မီး ပြတ်တောက်ခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း ခွန်နန်သည် တစ်နာရီလျှင် ၁၀ ကီလိုမီတာမှ ၁၅ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေပြီး အရှေ့တရုတ်ပင်လယ်ထဲသို့ ဝင်ရောက်လာနိုင်သဖြင့် တရုတ်နိုင်ငံ မိုးလေဝသစောင့်ကြည့်ရေးဌာနက အပြာရောင် တိုင်ဖွန်းမုန်တိုင်း သတိပေးချက်ကို ယနေ့နံနက်ပိုင်းတွင် ထပ်မံထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ်တွင် ယခုနှစ်၏ ခြောက်ကြိမ်မြောက် တိုင်ဖွန်းခွန်နန် ဝင်ရောက်တိုက်ခတ်လာနိုင်မှုကြောင့် ၎င်း၏အရေးပေါ်တုံ့ပြန်မှုကို အဆင့် ၄ မှ အဆင့် ၃ သို့ အဆင့်မြှင့်တင်ခဲ့သည်။

တိုင်ဖွန်းခွန်နန်ကြောင့် ကမ်းရိုးတန်းပြည်နယ် ဇီကျန်းတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး လာမည့်ရက်များအတွင်း အမြင့်ရှစ်မီတာမှ ၁၀ မီတာအထိရှိသော လှိုင်းလုံးများ ရိုက်ခတ်လာနိုင်ကြောင်း ဇီကျန်းပြည်နယ် မိုးလေဝသဌာနမှ သိရသည်။

ယနေ့နံနက် ၈ နာရီတွင် တိုင်ဖွန်းမုန်တိုင်းသည် ယူဟောင်မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၆၁၀ အကွာတွင် တည်ရှိနေကြောင်း မိုးလေဝသဌာနက ပြောကြားပြီး ကမ်းရိုးတန်းဘက်သို့ ရွေ့လျားလာချိန်တွင် ပိုမိုအားကောင်းလာဖွယ် ရှိကြောင်း မိုးလေဝသဌာနက ပြောကြားခဲ့သည်။

**ကိုးကား-စီဂျီတီအင်န်၊ ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ၂၀၂၃ ခုနှစ်အတွင်း မလေးရှားနိုင်ငံ၏ လူဦးရေ ၂ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု မျှော်လင့်ရ

ကွာလာလမ်ပူ ဩဂုတ် ၂

မလေးရှားနိုင်ငံ၏ လူဦးရေသည် ၂၀၂၃ ခုနှစ်အတွင်း ၂ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်း မလေးရှားနိုင်ငံ၏ တရားဝင်သတင်းအချက်အလက်များအရ သိရသည်။

မလေးရှားနိုင်ငံ စာရင်းအင်းဌာန၏ ပြောကြားချက်အရ မလေးရှားနိုင်ငံ၏ လူဦးရေစုစုပေါင်းသည် ၂၀၂၂ ခုနှစ်က ၃၂ ဒသမ ၇ သန်းရှိခဲ့ပြီး ယခုနှစ်တွင် ၃၃ ဒသမ ၄ သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း အမျိုးသားဦးရေ ၁၇ ဒသမ ၅ သန်းနှင့် အမျိုးသမီးဦးရေ ၁၅ ဒသမ ၉ သန်းရှိမည်ဟုလည်း မျှော်လင့်ထားကြောင်း သိရသည်။ ထို့ပြင် မလေးရှားနိုင်ငံ၌ အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း အလုပ်လုပ်ကိုင်နိုင်သူဦးရေ အရေအတွက်သည် ၂၀၂၂ ခုနှစ်တွင် ၆၉ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းအထိ တိုးလာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## လာအိုနိုင်ငံတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် တည်ထောင်ခြင်း (၉၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ဗီယင်ကျန်း ဩဂုတ် ၂

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) တည်ထောင်ခြင်း (၉၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို လာအိုမြို့တော် ဗီယင်ကျန်းတွင် ဩဂုတ် ၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး ချန်စမွန်ချန်ဆာလာနှင့် လာအိုနိုင်ငံအစိုးရ၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ပြည်ပရောက်တရုတ်အဖွဲ့အစည်းများ၊ လာအိုနိုင်ငံရှိ စစ်သံမှူးများ တက်ရောက်ခဲ့ကြသည်။

မိမိတို့နှစ်နိုင်ငံအကြား ပါတီနှင့် ခေါင်းဆောင်များ၏ အရေးကြီးသော သဘောတူညီမှုများကို အကောင်အထည်ဖော်ရန်၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းခိုင်မာစေရန်၊ အချင်းချင်းစဉ်ဆက်မပြတ် ပံ့ပိုးကူညီရန်၊ တရုတ်-လာအို အသိုက်အဝန်းအတွက် ပံ့ပိုးမှုအသစ်များ ပြုလုပ်ရန်နှင့် တရုတ်-လာအို ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်စစ်သံမှူး လီဘင်းက ပြောကြားခဲ့သည်။

လာအိုနှင့် တရုတ်တပ်မတော်များအကြား စစ်ရေးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများကို ချီးကျူးဂုဏ်ပြုပြီး နှစ်နိုင်ငံတပ်မတော်များအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်နိုင်ငံလုံးရှိ တပ်မတော်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိကြောင်း လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး ချန်စမွန်ချန်ဆာလာက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံအနောက်ပိုင်း၌ ဝန်ချီစက်တစ်စီးပြိုကျရာ အနည်းဆုံး ၁၇ ဦး သေဆုံး

နယူးဒေလီ ဩဂုတ် ၂




အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ ဝန်ချီစက်တစ်စီး ပြိုကျခဲ့ရာ အနည်းဆုံး ၁၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၃၁ ရက် ဒေသစံတော်ချိန် ညသန်းခေါင်ယံ အချိန်တွင် မွန်ဘိုင်းမြို့မှ ကီလိုမီတာ ၅၀ အကွာတွင်ရှိသည့် မဟာရာရှာထရာပြည်နယ်ရှိ အဝေးပြေးလမ်းမတစ်နေရာ၌ အဆိုပါဝန်ချီစက်တစ်စီး ပြိုကျခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေး ဝန်ထမ်းများက ထိခိုက်ဒဏ်ရာ ရရှိသူများကို ဆေးကုသမှုခံယူရန် နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ရသည်။ လက်ရှိအချိန်အထိ ပျောက်ဆုံးလျက်ရှိသူ အများအပြားရှိနေသေးကြောင်း ဒေသခံအာဏာပိုင်များက ဆိုသည်။

အခင်းဖြစ်ပွားရာနေရာ၌ ပိတ်မိလျက်ရှိသူများအား ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေကယ်ဆယ်လျက်ရှိသည်။

အခင်းဖြစ်ပွားမှု၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အာဏာပိုင်များက ဆိုသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီက ဝန်ချီစက်ပြိုကျမှုကြောင့် သေဆုံးသူများအတွက် ၎င်းတို့၏ မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ချမ်းမြသာစည်၊ မဟာအောင်မြေနှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



လှမျိုးအောင်နှင့် လှိုင်မိုးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၁ ရက် ည ၈ နာရီတွင် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၁၀၁ လမ်းx၅၅ လမ်းတွင် ဝင်းမိုး(ခ)ဉာဏ်မိုးမြင့်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း သုည ဒသမ ၀၂ ကီလို၊ Happy Water သုည ဒသမ ၀၂၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီတွင် မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်ကွက် ၃၅ လမ်း (၇၄ x ၇၅) လမ်းကြားရှိသီဟတင်စိုး(ခ)ပေါက်ကိုင်ဖေ တည်းခိုသည့် ဟိုတယ်အခန်း အမှတ် (၂၀၈) အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သော အက်တက်စီဆေးပြား ၁၅၀၊ ကက်တမင်း ၂ ဒသမ ၀၂ ကီလို၊ Happy Water ၁ ဒသမ ၄၅ ကီလိုကိုလည်းကောင်း၊ ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင် ရပ်ကွက်ရှိ ဝင်းမိုး(ခ)ဉာဏ်မိုးမြင့် ငှားရမ်းနေထိုင်သည့် နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၀၇ ကီလိုကိုလည်းကောင်း၊ ထိုနေ့ ည ၉ နာရီ မိနစ် ၅၀တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ် တိုးဂိတ်အနီး လားရှိုး- မန္တလေးသွား ကားလမ်းတွင် လှမျိုးအောင် မောင်းနှင်လာသည့် Toyota Coro- lla အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကို လည်းကောင်း သိမ်းဆည်း ရမိခဲ့ကြောင်း၊ အလားတူ ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ လှိုင်မိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

■

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ ဆန်နှင့် ဆန်ကွဲအိတ်များ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ ကုန်သေတ္တာ ၁၁ လုံးအတွင်းမှ ကုမ္ပဏီတာဝန်ရှိသူက ၎င်းတို့ကုမ္ပဏီမှ ပစ္စည်းများမဟုတ်ကြောင်း ထွက်ဆိုလာသည့် ကုန်ပစ္စည်းများဖြစ်သည့် Pre–Painted Galvanized Iron Sheet in Coil ၃၀၄၆၉၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၈၉၉၃၅၀)ကိုလည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Sport Light/Down Light အခု ၈၀၊ Electric Led Bulb အခု ၁၀၆၀၀အပါအဝင် ကုန်ပစ္စည်း ၃၄ မျိုးနှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Electrical Tap အခု ၃၆၀၀၀အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၆၅၂၆၃၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Pneumatic Spring သုံးခု၊ Air Flaps Upper တစ်ခု၊ Radio Remote Control M Sport တစ်ခုနှင့် Brand New Car Spare Parts Repair Kit တစ်ခု အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၂၃၁၄)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၂၈၇၉၆၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ဇူလိုင် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး–မူဆယ် ကားလမ်း၊ မိုင်တိုင်အမှတ် ၂၆ မိုင် ၄ ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Spoked & Nipple Bicycle Spare Parts ကီလိုဂရမ် ၄၃၅၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၅၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Auman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေး–မူဆယ်ကားလမ်း၊ မိုင်တိုင်အမှတ် ၂၇ မိုင် ၁ ဖာလုံ၌ မူဆယ်မြို့မှ နေပြည်တော်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် သစ်တော်သီး ကီလိုဂရမ် ၆၀၊ USB Charger အခု ၁၃၄၀၊ Fancy Accessories Rock ၁၂၅ ကီလိုဂရမ်၊ Heffey Clouds Cleansing Bubble ၁၉၄ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၁၀၅)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၀၅၁၀၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၃၀ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က လားရှိုးမြို့ မြို့ရှောင်လမ်းတိုးဂိတ် Check Point အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဆန်အိတ် ၃၅၀၊ ဆန်ကွဲ အိတ် ၆၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၀၀၀၀)၊ အဆိုပါ ဆန်နှင့်ဆန်ကွဲအိတ်များ တင်ဆောင်လာသည့် Nissan Diesel တစ်စီး၊ Mitsubishi Fuso တစ်စီးနှင့် Isuzu Giga တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၂ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၉၉၃၀၆၉) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၈-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ် ဓဇဂ္ဂသုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ရတနာထိုက်စွာပယင်းရတနာ
- ၀၉:၁၀ NRC အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း–၂၆)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း–၃၇)
- ၁၆:၃၅ စိုက်ပျိုးရေးအခြေခံမွေးမြူရေးမှသည်ငါးနှင့် ဆက်စပ်သောတန်ဖိုးမြှင့်ထုတ်ကုန်များဆီ
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
- ၁၉:၃၀ ရှမ်းပြည်နယ်မြောက်ပိုင်းကြည့်ညီဂူ့ စစ်ဂူ့ဂူ ... ကျောက်စာရုံစေတီတော်များ ထီးတော်တင်မင်္ဂလာအခမ်းအနား
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း–၃၉)

### mitv

- 07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 The Four Famous of Bagan
- 07:29 Myanmar Master Class "Still Life" (Fruit)
- 07:35 Journey To The Mogok (Part-1)
- 08:01 News
- 08:27 Healthy Diet: Balanced Diet
- 08:33 Aesthetic Chinlone
- 09:01 Discovering Tribes: Akha- Their Life and Customs (Part-2)
- 09:31 Myanmar Traditional Snacks: Shwe Hta Min
- 09:37 Myanmar's Traditional Ceramics
- 10:01 News
- 10:27 Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ဝေဟင်ထက်ကဇိဝိုးငှက်ငယ်

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ရခိုင်ရိုးရာလယ်ထွန်မင်္ဂလာနေ့

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ရှားစောင်းလက်ပပ်ရဲ့ကောင်းကျိုးများ

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
လှိုင်မွေမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဒေါင်လန့်ဖူးအလွန်မှဒီးလဝါဇီကျေးရွာသို့

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ချစ်သစ္စာအလှတည်ရာမြေ

**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကရင်ရိုးရာဝက်သားနှင့်မျှစ်ဖက်ထုပ်ပေါင်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့် အမိမြန်မာပြည် (အပိုင်း–၃)

**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း–၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ ရသစုံစွာ၏ကမ္ဘာမြေ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၈:၄၅ မျှော်လင့်ချက်တွေအကောင်အထည်ပေါ်ဖို့ အောင်ဘာလေအွန်လိုင်းထီထိုးကြစို့
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ပကောင်းဆိုးဝါး'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း–၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း–၁)
- ၁၁:၃၀ ရှေ့သို့ချီမည်... ပန်းတိုင်ဆီ (အပိုင်း–၃)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ စားရေရိက္ခာဖူလုံဖို့ တိုင်းရင်းငါးပြေမများ မွေးမြူထုတ်လုပ်ကြပါစို့
- ၀၆:၃၀ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Carbon Farming Climate Solution Under Our Feet Science Farming
- ၀၈:၃၀ Vegetable Farming And Amazing Plantation
- ၁၉:၀၀ ကျားလန့် မပိုးတာတာတော်း (ရုပ်ရှင်ဇာတ်လမ်း) (အပိုင်း–၁)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ ရွှေရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း
- ၀၇:၀၀ အားကစားသတင်း
- ၁၆:၁၀ ထူးခြားထင်ရှားအားကစားသမား (Part-3)
- ၀၆:၃၀ MNL 2022 Match (Replay)
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကတ်ဘောအက်ဆေး'**

SCAN ME

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တမူး၊ ကလေး၊ ကန့်ဘလူနှင့် ဂန့်ဂေါ တပ်နယ်တို့ရှိ ခန်းမများ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူ မြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် ၎င်းတို့နှင့်အတူ ပါလာသည့် မောင်းပြန်သေနတ် လေးလက်၊ ပစ္စတိုသေနတ် တစ်လက်၊ လက်ပစ်ဗုံး နှစ်လုံးနှင့် စကားပြောစက် နှစ်လုံးတို့ကို အပ်နှံကြရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူပြီး မောင်းပြန်သေနတ်ဖြင့် အလင်းဝင်ရောက်လာသူ လေးဦးအား တစ်ဦးလျှင်ဆုကြေးငွေ သိန်း ၅၀ ကျပ်၊ ပစ္စတိုသေနတ်ဖြင့် အလင်းဝင်ရောက်လာသူ တစ်ဦးအား ဆုကြေးငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံး နှစ်လုံးနှင့် စကားပြောစက်နှစ်လုံးတို့ဖြင့် အလင်းဝင်ရောက်လာသူ တစ်ဦးအား ခုနစ်သိန်းကျပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် ငွေကျပ် သိန်း၂၀ စုစုပေါင်း ငွေကျပ် ၅၆၇ သိန်း၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ အလင်းဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ယင်းနောက် အလင်းဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ပြန်လည်အလင်းဝင်ရောက်လာသူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကျောက်ထုံးကြီးကျေးရွာပြပုံ။

# ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာရှိ နေအိမ်များအား KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

နေပြည်တော် ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာအတွင်းရှိ နေအိမ်များအား KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကသာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၀ ရက်တွင် ကျောက်ထုံးကြီးကျေးရွာအနီးသို့ အရောက်၌ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းနှင့် ကျေးရွာသင်္ချိုင်းကုန်းအတွင်းမှ နေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့၏နောက်သို့ ထက်ကြပ်လိုက်လံချေမှုန်းတိုက်ခိုက်ခြင်း မပြုနိုင်စေရန်နှင့် ကျေးရွာရှိ နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ နေအိမ်များအား မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် ကျေးရွာအတွင်းရှိ နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အပြစ်မဲ့ ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီး ခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့၌ အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mar Mar Win” အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပိတောက်ကုန်းကျေးရွာနေ မာမာဝင်းအား နံနက် ၉ နာရီ ၂၀ မိနစ်အချိန်တွင်လည်းကောင်း၊ “Zaw Win Mg 82” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အရှေ့ရပ်ကွက်နေ ဇော်ဝင်းမောင်အား မွန်းလွဲ ၂ နာရီ မိနစ်၂၀ အချိန်တွင်လည်းကောင်း၊ “San Htun Aung” အကောင့်ပိုင်ရှင်ဖြစ်သူ ပျော်ဘွယ်မြို့နေ ဇေယံလွင်(ခ) ဆန်းထွန်းအောင်အား ည ၇ နာရီ ၃၅ မိနစ်အချိန်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# “ဟာသမြို့တော်” ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၂

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ဟာသမြို့တော်” ရယ်စရာ စင်တင်ဟာသ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

## ပါဝင်ဖျော်ဖြေကြမည်

“ဟာသမြို့တော်” ရယ်စရာ စင်တင်ဟာသ တစ်ခန်းရပ်အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက်စီစဉ်ပြီး “မြေကိုလျှိုးလို့ မိုးကိုပျံမည်” ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ဦးတိမ်ညွန့်၊ မတူးနှင့် ဦးမိုးစီတို့က ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို MRTV-HD Channel မှ ဩဂုတ် ၅ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဩဂုတ် ၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် ဩဂုတ် ၂

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပစ္စတိုဖြင့် ပူဖောင်းအားပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပစ္စတိုထိလဲပစ်ခတ်စဉ် သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးပြီး သရုပ်ပြပစ်ခတ်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဩဂုတ် ၁၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၉၄ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မြောင်းမြ ဩဂုတ် ၂

မြောင်းမြ အကျဉ်းထောင်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၅၁/၂၀၂၂)ဖြင့် အကျဉ်းသား ၁၅၃ ဦး၊ အကျဉ်းသူ ၄၁ ဦး စုစုပေါင်း ၁၉၄ ဦးအား ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက မြောင်းမြအကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။



ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသည့် အကျဉ်းသား အကျဉ်းသူ ၁၉၄ ဦးအား မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် တာဝန်ရှိသူများက မြောင်းမြအကျဉ်းထောင် မြရောခန်းမ၌ ဆုံးမစကား ပြောကြားပြီး ထောင်ပိုင်ကြီးက ထောင်ထွက်လက်မှတ်နှင့် ခရီးစရိတ်၊ စားစရိတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

# ပင်းတယမြို့နယ်ရှိ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ရန် ငါးသားပေါက်များ လွှဲပြောင်းပေးအပ်

ပင်းတယ ဩဂုတ် ၂

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်းရှိ သဘာဝရေပြင်များ၌ ငါးသယံဇာတများပေါများစေရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာ ပိုမိုရရှိစားသုံးနိုင်စေရေးတို့အတွက် ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ ပင်းတယမြို့နယ်ရှိ သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ရန် ငါးသားပေါက်များ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီခွဲက ညောင်ရွှေ ငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။

အဆိုပါ ငါးသားပေါက်များ ပေးအပ်ပွဲတွင် ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသော်ထွန်းဦးက ရှမ်းပြည်နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွေး ဦးဆောင်သောအဖွဲ့ထံသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ရန်အတွက် ပေးအပ်သည်။ အဆိုပါငါးသားပေါက်များကို ပင်းတယမြို့နယ်ရှိ ပုန်းတလုတ်ကန်၊ အင်းလျားကန်၊ ကြာအင်းကန်များနှင့် ဆက်စပ်နေသော သဘာဝရေပြင်အတွင်း မျိုးစိုက်ထည့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၈-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၀ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၁၂၀ |
| 95 Ron | ၂၃၂၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၅ | ၂၃၇၅ | ၂၃၅၅ | ၂၄၅၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၈၀ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၄၀ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၃၂၂၀ |
| HSD (50 ppm) | ၂၅၂၀ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၆၅ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၅၆၀ | ၂၅၇၀ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၃၅ | ၃၂၈၀ |
| HSD (10 ppm) | ၂၅၂၀ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၆၅ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၅၆၀ | ၂၅၇၀ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၃၅ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၁ | ၂၁၇၇ |
| 95 Ron | ၂၂၀၉ | ၂၂၈၇ |
| HSD (500 ppm) | ၂၃၂၇ | ၂၄၀၃ |
| HSD (50 ppm) | ၂၄၀၁ | ၂၄၇၈ |
| HSD (10 ppm) | ၂၄၀၁ | ၂၄၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၀၈ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (သုည ဒသမ ၂၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၃၆,၈၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၇၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၆၅)ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ထားဝယ် ဩဂုတ် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဓမ္မစကြာအခါတော်နေ့



အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူ ၄၄ ဦးအား ယမန်နေ့မွန်းလွဲပိုင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးလိုက်ကြောင်း သိရသည်။

### ဆုံးမစကားပြောကြား

ဆက်လက်၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၄၁ ဦး၊ အကျဉ်းသူ သုံးဦးတို့အား ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဌေးနှင့် တာဝန်ရှိသူများက ဆုံးမစကားပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့် သတ်မှတ်ခရီးစရိတ်များကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

## ကျောက်ဖြူအကျဉ်းထောင်မှ တရားရုံးစစ်ဆေးဆဲ အချုပ်သားများ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ကျောက်ဖြူ ဩဂုတ် ၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်၊ (၅၄/၂၀၂၃) ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်းအမိန့်ဖြင့် လွတ်လာသူများ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယမန်နေ့ ညနေက အဆိုပါအကျဉ်းထောင်၌ ကျင်းပသည်။

### ထောက်ပံ့ပေးအပ်

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားတွင်



ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်းလင်းတို့က လွတ်မြောက်လာကြသူများကို ဆုံးမသြဝါဒစကား ပြောကြားပြီး စားစရိတ်နှင့် ခရီးစရိတ်များ ထောက်ပံ့ပေးအပ်ကြသည်။

ကျောက်ဖြူမြို့နယ် တရားရုံး၌ မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)များဖြင့် တရားရုံးနှင့် ရဲတပ်ဖွဲ့မှ စစ်ဆေးဆဲဖြစ်သည့် ကျောက်ဖြူ အကျဉ်းထောင် အချုပ်သား ကိုးဦး၊ အချုပ်သူ တစ်ဦး စုစုပေါင်း ၁၀ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■



## ကလေးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ကလေး ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အကျဉ်းဦးစီးဌာန ကလေးအကျဉ်းထောင်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၅၁/၂၀၂၃)အရ အကျဉ်းသား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၃၆ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးသည့်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါအကျဉ်းဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ကလေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီးကြည်ဝင်းနှင့် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်ကြသည့် အကျဉ်းသား အကျဉ်းသူများအား ဆုံးမသြဝါဒစကား ပြောကြားသည်။

ထို့နောက်ကလေးအကျဉ်းထောင်မှလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းက အမှာစကားပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ဘီးလင်းမြို့နယ် တောင်စွန်းကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



ဘီးလင်း ဩဂုတ် ၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၂ ဦးတို့အား ဩဂုတ် ၁ ရက် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)အရ စည်းကမ်းချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအား လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

### ပြန်လည်စေလွှတ်

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသားများအား တောင်စွန်းကုန်ထုတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ရဲအောင်နှင့် တာဝန်ရှိသူများက တောင်စွန်းကုန်ထုတ်စခန်းရှိ ခန်းမ၌ တွေ့ဆုံကာ ဆုံးမသြဝါဒစကားပြောကြား၍ ထောင်လွတ်လက်မှတ်နှင့် လမ်းစရိတ်၊ ထမင်းစရိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ၎င်းတို့အား နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သီပေါထောင်မှ အကျဉ်းသား ၁၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

သီပေါ ဩဂုတ် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ပြစ်ဒဏ်အသီးသီးကျခံနေရသော ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အကျဉ်းထောင်မှ အကျဉ်းသားများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့်အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက သီပေါမြို့အကျဉ်းထောင် ဧည့်ရိပ်သာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မင်းနှင့် သီပေါအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးစိုးသီဟတို့က ဆုံးမသြဝါဒစကားပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား ၁၈ ဦးတို့အား သက်ဆိုင်ရာသို့ စနစ်တကျ လွှဲအပ်ပေးကာ အကျဉ်းထောင်မှ မော်တော်ယာဉ်ဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ၂၁၀

## မအူပင်အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံသူ ၉၃ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မအူပင် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား ၉၃ ဦးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၅၁/၂၀၂၃)အရ ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီက သတ်မှတ်စည်းကမ်းချက်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ရာ မိသားစုများက ဝမ်းသာစွာဖြင့် လာရောက်ကြိုဆိုကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## ဆားမလောက်စိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်း၌ အကျဉ်းသား ၂၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မအူပင် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်စိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်း၌ အကျဉ်းသား ၂၇ ဦးအား ယမန်နေ့ မွန်းလွဲပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသဖြင့် ပြန်လည်စေလွှတ်မှု အခမ်းအနားကို စခန်း၏ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပသည်။

ဆားမလောက်စိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်းမှ ပြစ်ဒဏ်ကျခံသူ ၂၇ ဦးအား သတ်မှတ်စည်းကမ်းချက်ဖြင့် လွတ်ငြိမ်းခွင့်ပြုသဖြင့် တာဝန်ရှိသူများက ဆုံးမစကားပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်နှင့် ခရီးစရိတ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၂

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု



ရွှေဘို ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဇူလိုင်လ(နောက်ဆုံးပတ်)တွင် စပါး/ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုအနေဖြင့် ဇူလိုင်လ (တတိယပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၅၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၅၆၅၀၀၊ တန်အားဖြင့် ၂၈၂၅ တန် စီးထွက်ခဲ့ကြောင်း၊ ယခုအပတ် ဆန်စီးထွက်မှုအနေဖြင့် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀၊ မန္တလေးသို့ အိတ်ရေ၂၇၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၅၆၀၀၀၊ တန်အားဖြင့် ၂၈၀၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၅၀၀၊ တန်အားဖြင့် ၂၅ တန် လျော့နည်းစီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၌ ဇူလိုင်လ(နောက်ဆုံးပတ်)တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၀၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ ဧရာမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၆၀၀၀၀၀၊ ဧရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၈၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း(နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## မြိတ်မြို့ရှိ ရေထွက်ကုန် ငါး၊ ပုစွန် ဈေးနှုန်းများ





မြိတ် ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည့်အတွက် ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိသော မြို့တစ်မြို့ဖြစ်ရာ ဒေသတွင်း စားသုံးလျက်ရှိသည့် ငါး၊ ပုစွန်များကို ကမ်းနီးငါးဖမ်းလှေငယ်များမှ ရရှိပြီး ငါးလေလံဈေးမှတစ်ဆင့် အဓိကဝယ်ယူရောင်းချကြကြောင်း၊ ငါး၊ ပုစွန်ဈေးနှုန်းများမှာ ဖမ်းဆီးရရှိမှုအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

### အရောင်းအဝယ်ဖြစ်လျက်ရှိ

မြိတ်မြို့နယ်တွင် ဇူလိုင်လစတုတ္ထပတ်အတွင်း ဖြစ်ပေါ်နေသော ငါး၊ ပုစွန်ဈေးနှုန်းများမှာ ပုစွန်(ကြီး) တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ခန့်၊ ပုစွန်(လတ်) တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ခန့်၊ ပုစွန်(သေး)တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ခန့်၊ ဘီဇင်း တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ခန့်၊ ဇယောတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ခန့်၊ ကုလားဂုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ခန့်၊ ငါးမုတ်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ခန့်၊ ပလာတူး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ခန့် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

## မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောတောင် ဩဂုတ် ၂

မောတောင်ကုန်သွယ်ရေးစခန်းက ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၃၅ ဒသမ ၂၇ တန်၊ ကင်းမွန် ၁ ဒသမ ၈ တန်၊ ကဏန်း(အသေ) ၃ ဒသမ ၂ တန်၊ ဂျင်းခရု(အရှင်) ၈ ဒသမ ၇ တန်၊ ကျောက်ပုစွန် (အရှင်) သုည ဒသမ ၁၅ တန်၊ ငှက်ပျောသီး ၃၅ တန်၊ ငရုတ်သီးစိမ်း သုည ဒသမ ၆ တန် တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ၂ ဒသမ ၅ တန်၊ ပုစွန်စာ ၁၀ တန်၊ ကြွေပြား ၈၀၀ စတုရန်းမီတာတို့ဖြစ်သည်။

မောတောင်နယ်စပ်ဒေသ၌ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နှစ်နိုင်ငံငွေပေးချေမှုအနေဖြင့် ဘဏ်စနစ်ကိုအသုံးပြု၍ ကုန်သွယ်မှုပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၃၁ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် တစ်သိန်းလျှင် ဘတ် ၁၀၂၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၈ ဒသမ ၀၄ ကျပ်ခန့်ရှိကြောင်း သိရသည်။

## လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ် ဩဂုတ် ၂

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ရော်ဘာ ၅၆ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲတစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ နှင့် ကြိမ်တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၆၆၀၊ မြေထောက်ပဲတစ်တန်လျှင် ၁၄၈၄ ဒေါ်လာ၊ ရော်ဘာ RSS-3 တစ်တန်လျှင် ဒေါ်လာ ၁၂၅၀၊ Aluminium Ingot တစ်တန်လျှင် ၁၇၅၂ ဒေါ်လာရှိကြောင်း သိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ပိတ်လိပ် တန် ၁၅ ဒသမ ၃၀၊ ပီနံအိတ် ၆၃ တန်၊ ချည် ၂၅ ဒသမ ၇၀ တန်၊ မြက်ခင်းတု ၇ ဒသမ ၅၀ တန်၊ ပလတ်စတစ်ဖျာ ၁၅ တန်နှင့် ကုန်စုံ ၅၈ ဒသမ ၂၈ တန်တို့အများဆုံးတင်သွင်းနိုင်ခဲ့သည်။

သွင်းကုန် ပစ္စည်းဈေးနှုန်းများအနေဖြင့် ဓာတ်မြေဩဇာ(Organic Fertilizer) တစ်တန်လျှင် ဒေါ်လာ ၂၅၀၊ ဓာတ်မြေဩဇာ(Compound Fertilizer) တစ်တန်လျှင် ၃၉၈ ဒေါ်လာ၊ ချည်တစ်တန်လျှင် ဒေါ်လာ ၆၅၀၊ ပလတ်စတစ်ဖျာတစ်တန်လျှင် ဒေါ်လာ ၆၉၀၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ပိတ်လိပ်တစ်တန်လျှင် ဒေါ်လာ ၅၇၀ ရှိကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဩဂုတ် ၁ ရက်ထိ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၄၄၅ ကျပ် ဖြစ်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

### ၂.၈.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၅၀၀ | | ၁၆၀၀၀ | ၈၂၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၅၀၀ | ၈၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၇၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၇၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၆၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၄၀၀ | | ၁၅၀၀၀ | ၇၉၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၃၀၀ | ၈၅၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၃၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၆၅၀ | | ၁၃၅၀၀ | ၈၄၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၇၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၃၀၀ | ၂၇၀၀ | ၁၄၀၀၀ | ၈၃၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၈၆၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၈၀၀၀ | ၄၅၀ | ၇၈၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၈၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၄၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၅၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၂၅၀၀ | ၇၈၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၄၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၄၅၀၀ | ၆၇၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ရန်ကုန်တွင် ၁၀၀ကျပ်၊ မုံရွာတွင် ၅၀ကျပ်၊ ကလေးတွင် ၂၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် ရန်ကုန်နှင့်ကလေးတွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် မကွေးတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၃၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လှိုင်ကော်နှင့်စစ်တွေတွင် ၂၀၀၀ကျပ်၊ မုံရွာတွင် ၂၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကလေးတွင် ၇၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မြစ်ကြီးနားနှင့်စစ်တွေတွင် ၅၀၀ကျပ်၊ မြေပဲ တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၂၀၀ကျပ်၊ နေပြည်တော်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ်၊ ရန်ကုန်တွင် ၁၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့်နေပြည်တော်တွင် ၁၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ၇၀၀ကျပ်၊ မုံရွာတွင် ၁၀၀ကျပ်၊ မန္တလေးတွင် ၂၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၀၀၀ကျပ်၊ စစ်တွေနှင့်ပဲခူးတွင် ၁၀၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၃၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

## ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ အလှူငွေများထည့်ဝင်၊ လှူဒါန်းစာရင်းပေးထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

| စဉ် | သာသနာ့ဗိမာန်တော် အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၅၁။ | ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ တာဏံလေဏံကမ္မဋ္ဌာန်း ရိပ်သာဆရာတော် ဖရခရူးဘာဝနာသမဏဝံ(ဝိ) (ပရကျပ် သီရိဝဏ္ဏော-အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) နှင့် လက်ထောက်ကမ္မဋ္ဌာန်းဆရာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းကောင်းမှု | ၂၀၀၀၀<br>USD 831<br>Baht 238500 |
| ၁၅၂။ | သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ဆွေဦးနှင့်မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၅၃။ | သီရိသုဓမ္မသိင်္ဂီဒေါက်တာနှင်းနှင်းအေးနှင့်မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၅၄။ | သုဓမ္မသိင်္ဂီ ဒေါ်နန်းဖောင်းနှင့်မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၅၅။ | သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်လေးကြည်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၅၆။ | ဦးဇင်မိုးနှင့်မိသားစု(Grand Sinius Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၅၇။ | ဦးမျိုးမြင့်ကျော်နှင့်မိသားစု(Earth Renewable Energy Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၅၈။ | ဦးစင်ရော်မောင်မောင်နှင့်မိသားစု(ကြီးမြတ်ရွှေမဟာကုမ္ပဏီ) ကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၅၉။ | ဒေါ်သဇင်နွယ်နှင့်မိသားစု(Kaiyi Myanmar Auto Co.,Ltd) ကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၆၀။ | ဦးဇော်သန်းဦးနှင့်မိသားစု(ငွေလွှင်ပြင်ကုမ္ပဏီ)ကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၆၁။ | ဒေါက်တာ ဗိုလ်ဗိုလ်မောင်နှင့်မိသားစု(စော်ဘွားလေး ဗိုလ်ဗိုလ်မောင်ကုမ္ပဏီ)ကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၆၂။ | ဦးဝင်းနိုင်နှင့် မိသားစု(ABODE Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၆၃။ | ဒေါ်ခင်မိုးဖြူနှင့်မိသားစု(Essential Naypyitaw Auto Car Showroom နှင့်ချမ်းမြေ့မေတ္တာကျောက်မျက်ရတနာဆိုင်) ကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၆၄။ | ဦးသန့်ထက်အောင်နှင့်ဇနီး ဒေါ်နန်းစုစန္ဒီမြင့်ဆွေ မိသားစုကောင်းမှု | ၄၈၀၀၀၀၀ |
| ၁၆၅။ | ဦးသန့်ဇင်နှင့်မိသားစုကောင်းမှု(Han Sein Thant Co.,Ltd) ကောင်းမှု | ၄၀၀၀၀၀၀ |
| ၁၆၆။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်ဝင်းဝင်းနွဲ့မိသားစုကောင်းမှု | ၃၂၀၀၀၀၀ |
| ၁၆၇။ | ဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်စန်းဝင်း မိသားစုကောင်းမှု | ၃၂၀၀၀၀၀ |
| ၁၆၈။ | Mr. Artem Alimov + Mrs. Elena Zaitseva မိသားစု (RC-Investments Roscongress Foundation)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၆၉။ | ဦးမောင်မောင်စိုးနှင့်မိသားစု(BOMES Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၇၀။ | ဦးချမ်းအေးနှင့်မိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၇၁။ | သုဓမ္မမဏိဇောတဓရ ဦးတင်စိုး(ခ)ဦးဖိုးရီနှင့်ဇနီး သုဓမ္မသိင်္ဂီ ဒေါ်နန်းစန္ဒီမိသားစုကောင်းမှု | ၃၁၀၀၀၀၀ |
| ၁၇၂။ | သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ရီနှင့်မိသားစုကောင်းမှု | ၃၁၀၀၀၀၀ |
| ၁၇၃။ | ဦးဇော်လွင်ထွန်းနှင့်မိသားစု(First Energy Services Co.,Ltd) ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၇၄။ | ဒေါ်အေးအေးရွှေနှင့်မိသားစု(Grand Imperial Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၇၅။ | ဦးရဲရင့်ထွန်းနှင့်ဇနီး ဒေါ်စိုးစိုးစံ မိသားစု (Great Care Co.,Ltd၊ General Machinery Trading Co.,Ltd) ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၇၆။ | ဦးအောင်ကိုကိုနှင့်မိသားစု(Great Synergy Power Co.,Ltd) ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၇၇။ | ဦးကျော်မင်းခိုင်နှင့်ဇနီး သုဓမ္မသိင်္ဂီ ဒေါ်သွဲ့လေးအောင် မိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၇၈။ | ဦးကောင်းမွန်ဇော်နှင့်မိသားစု (Harvest Automation Solution Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၇၉။ | ဦးအောင်နိုင်ဦးနှင့်မိသားစု (Mascuo Automation Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၈၀။ | ဦးမျိုးမြင့်ဇော်နှင့်မိသားစု (New Friend Power Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၈၁။ | ဦးဇော်ထွန်းအောင်နှင့်မိသားစု (Southern Metal Industry Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၈၂။ | ဦးဇော်ဝင်းအောင်နှင့်မိသားစု (နှိုင်းမရကုမ္ပဏီလီမိတက်)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၈၃။ | ဦးအောင်ကြီးနှင့်မိသားစု (လူထုရွှေဆောင် ကုမ္ပဏီလီမိတက်)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၈၄။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်သီတာတင်မိသားစု | ၃၀၀၀၀၀၀ |
| ၁၈၅။ | ဦးလွင်ကိုကိုနှင့်ဇနီး ဒေါ်နိုင်နိုင်ဇော်မိသားစု (Four Keys Management Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၈၆။ | ဦးမောင်ချင်းနှင့် မိသားစု(ဟုန်ရှင်းကျန်းဘကုမ္ပဏီ)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၈၇။ | ဦးအောင်စည်ဟိန်းနှင့်မိသားစု (Lucky High Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၈၈။ | ဦးမြတ်လင်းအောင်နှင့်မိသားစု (Tah Moe Hyne Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၈၉။ | ဦးစိုးလှမင်းနှင့်မိသားစု(Galactic Power Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၉၀။ | ဦးအောင်မင်းညိုနှင့်မိသားစု(UK Logix Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၉၁။ | ဒေါက်တာကြည်ရွှင်နှင့်မိသားစု(Ye Shin Co.,Ltd)ကောင်းမှု | ၂၅၀၀၀၀၀ |
| ၁၉၂။ | ဦးအောင်ကိုဇော်(ရုံးအဖွဲ့မှူး၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ)ကောင်းမှု | ၂၅၀၀၀၀၀ |
| ၁၉၃။ | ဒေါ်နန်းဝေဝေခိုင်နှင့်မိသားစု(ဆုထူးပန်ကုမ္ပဏီ)ကောင်းမှု | ၂၅၀၀၀၀၀ |
| ၁၉၄။ | ဦးမောင်မောင်လွင်နှင့်မိသားစု (Myanmar Motif & NNS Co.,Ltd)ကောင်းမှု | ၂၅၀၀၀၀၀ |
| ၁၉၅။ | ဦးအောင်ဇော်ဝင်းနှင့်မိသားစု (Myanmar American Vision Co.,Ltd)ကောင်းမှု | ၂၅၀၀၀၀၀ |
| ၁၉၆။ | သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးအောင်နှင့်မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၁၉၇။ | ဦးရဲရင့်ထွန်းနှင့်မိသားစု (Cypress Co.,Ltd)ကောင်းမှု | ၂၀၀၀၀၀၀ |
| ၁၉၈။ | ဦးပြည့်ဖြိုးကျော်နှင့်မိသားစု (T Steam Co.,Ltd)ကောင်းမှု | ၂၀၀၀၀၀၀ |
| ၁၉၉။ | ဦးစန်းလွင်နှင့်မိသားစု (Myanmar XI Co.,Ltd)ကောင်းမှု | ၂၀၀၀၀၀၀ |
| ၂၀၀။ | ဦးဇော်ထွန်းနှင့်မိသားစု (Focus Gems & Jewellery)ကောင်းမှု | ၂၀၀၀၀၀၀ |
| ၂၀၁။ | ဦးဇော်လင်းနှင့်မိသားစု (United Strategies Co.,Ltd)ကောင်းမှု | ၂၀၀၀၀၀၀ |
| ၂၀၂။ | ဒေါ်ခင်ငွေးနွယ်နှင့်မိသားစု (Kyel Thein Co.,Ltd)ကောင်းမှု | ၂၀၀၀၀၀၀ |
| ၂၀၃။ | ဦးစံလင်းသိန်းနှင့်ဇနီး အကယ်ဒမီ ဒေါ်မေသဥ္စာဦးမိသားစုနှင့် မမေသက်ခိုင်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၂၀၄။ | ဦးရဲလင်းသောင်းနှင့်မိသားစု(Mascuo Co.,Ltd)ကောင်းမှု | ၁၅၀၀၀၀၀ |
| ၂၀၅။ | ဦးကျော်စိုးလွင်နှင့်မိသားစု(မြတ်နိုးသူကုမ္ပဏီ)ကောင်းမှု | ၁၅၀၀၀၀၀ |
| ၂၀၆။ | ဦးမျိုးမင်းစိုးနှင့်မိသားစု(Aung Pyitan Co.,Ltd)ကောင်းမှု | ၁၅၀၀၀၀၀ |
| ၂၀၇။ | ဗိုလ်မှူးချုပ်မြင့်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ရီရီထွန်းမိသားစုကောင်းမှု | ၁၄၀၀၀၀၀ |
| ၂၀၈။ | ဦးညွန့်မောင်နှင့်ဇနီး ဒေါ်ကြည်မြင့်မိသားစုကောင်းမှု | ၁၄၀၀၀၀၀ |
| ၂၀၉။ | ဦးချစ်စိုးနှင့်ဇနီး ဒေါ်တင်ကြည်မိသားစုကောင်းမှု | ၁၄၀၀၀၀၀ |
| ၂၁၀။ | ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်နီနီမိသားစုကောင်းမှု | ၁၄၀၀၀၀၀ |
| ၂၁၁။ | သုဓမ္မမဏိဇောတဓရ ဦးဝင်းလှိုင်မိသားစုကောင်းမှု | ၁၁၀၀၀၀၀ |

ဆက်လက်ဖော်ပြပါမည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော — ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် — ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


### အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

